ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ အင်္ဂါနေ့ (3-6-2014) (၇၈၆၀)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မှတ်သားဖွယ်ရာ မိုးရေချိန်များ

လောင်းလုံ	၂ ဒသမ ၄၈ လက်မ
ဟဲဟိုး	၁ ဒသမ ၈၁ လက်မ
မြောင်းမြ	၁ ဒသမ ၇၇ လက်မ
ချောင်းဆုံ	သုည ဒသမ ၄၂ လက်မ
ရွှေကျင်	သုည ဒသမ ၂၆ လက်မ

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့်လမ်းဆုံလမ်းခွသို့ ရောက်နေ
အစိုးရနှင့်ပုဂ္ဂလိက လွတ်လပ်စွာရပ်တည်ယှဉ်ပြိုင်မှုရှိလာစေရန် ဆောင်ရွက်ရမည်

နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ် Grand Ballroom ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် သဘာပတိ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အဓိက ခေါင်းစဉ်ကြီး (၅)ခု ပါဝင်ပြီး ပထမအချက်မှာ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်နှင့်ပတ်သက်သည့် မူဝါဒများကို ပြန်လည်သုံးသပ်ကာ ခေတ်နှင့်အညီ လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားရန် ဖြစ်ပါကြောင်း၊ ထိုအချက်နှင့်ပတ်သက်၍ လူ့စွမ်းအား အရင်းအမြစ် လိုအပ်ချက်များထဲတွင် သူ့ဌာန၊ သူ့အဆင့် နှင့်လျော်ညီသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျွမ်းကျင် သူများလိုအပ်ပါကြောင်း၊ ကျေးလက်အခြေခံ ကျန်းမာရေး လုပ်သားများလိုအပ်ပါကြောင်း၊ လိုအပ်နေသည့် အချိန်မှာ လည်း ယနေ့ပင် လိုအပ်နေခြင်းဖြစ်သည့်အတွက် အမြန်ဆုံး မွေးထုတ်ပေးနိုင်မည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

အခြေခံပညာကျောင်းများ စတင်ဖွင့်

မော်လမြိုင် ဇွန် ၂

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို တိုင်းဒေသကြီး များနှင့် ပြည်နယ်အနှံ့ ယနေ့မှစ၍ စတင် ဖွင့်လှစ်လိုက်ပြီး ပညာရည်နို့သောက်စို့ကြမည့် တိုင်းပြည်၏အနာဂတ်ကို ပုံဖော်ထုဆစ်ကြ မည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကျောင်းသား မောင်မယ်လေးများသည် အဖြူ-အစိမ်းတူညီဝတ်စုံကို ဝတ်ဆင်ကြလျက် ပျော်ရွှင်ကြည်နူးစွာ ကျောင်းတက်နေကြပြီဖြစ် သည်။**(ဓါတ်ပုံ)**

ယခုနှစ်တွင် နိုင်ငံတော်မှပညာသင်ကြားမှု ကုန်ကျစရိတ်မများရအောင် မူလတန်းပညာရေး နှင့် အလယ်တန်းပညာရေးကို အခမဲ့ပညာရေး စနစ်အဖြစ် ဆောင်ရွက်လိုက်ပြီး ပညာသင်ကြားသူ ဦးရေ များပြားလာအောင်လည်း နေရာအနှံ့ ကျောင်းအပ်နှံရေးအခမ်းအနားများကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ မိဘ၊ ဆရာနှင့် တာဝန် ရှိသူများ ပူးပေါင်း၍ ပညာရေးကဏ္ဍအဆင့် မြင့်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(ဆက်နေမင်းအောင်)

ယနေ့ မာတိကာ

စာပေတာဝန် ကျေပွန်မည် စာမျက်နှာ - ၂

ဥပဒေနှင့် ညီညွတ်စေခြင်း စာမျက်နှာ - ၆

ဘတ်စ်ကားချင်းတူသော်လည်း ခရီးသည်အပေါ် စေတနာထားမှုကွဲပြားခြင်း စာမျက်နှာ - ၁၁

ကမ္ဘာ့ဖလားမှာ ဥရောပအသင်းနှင့် တောင်အမေရိကအသင်း ဘယ်သူ ချန်ပီယံဖြစ်မလဲ စာမျက်နှာ - ၁၃

ကြေးမုံ စာ တ ည်း ရှု ထော င့် ၃-၆-၂၀၁၄၊ အင်္ဂါနေ့

စာပေတာဝန်ကျေပွန်မည်

"အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းတလည်လည်"ဟူသောဆိုရိုးစကားရှိသည်။ အဟောင်းနှင့်အသစ် ဟူသည် ဖြစ်ခြင်း၊ ပျက်ခြင်း လောကသဘာဝတရားဖြစ်ပြီး တစ်ခုနှင့်တစ်ခုလည်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အမှီသဟဲပြုဖက်ဟုလည်း ဆိုနိုင်ပါသည်။ အစဉ်ပြောင်းလဲမှု နိယာမဟုလည်း ညွှန်းဆိုနိုင်ပါသည်။

ချုပ်ငြိမ်းပျက်စီးခြင်းကြောင့် အဟောင်းဖြစ်ခဲ့သော်လည်း ထာဝရ သစ်လွင်မြဲသစ်လွင်နေသော အဟောင်းများလည်း ရှိတတ်ပါသည်။ ယင်းမှာ လူမှုဘဝနယ်ပယ်တွင် "လူသေသော်လည်း နာမည်မသေ"သူများဖြစ်သည်။ ထိုသူ၏ စွမ်းဆောင်ချက်များက ထာဝရရှင်သန်အောင် ဩဇာသက်ရောက်လွှမ်းမိုးနိုင်စွမ်းရှိနေကြသည်။ ထိုရှင်သန်ခြင်းမျိုး၏ စေ့ဆော်မှု စေတနာနှင့် မှန်ကန်သည့်လုပ်ရပ်တို့သည် ထိုသူ၏ဂုဏ်သတင်းကို သင်းပျံ့စေသည်။ ထိုသူ၏ကိုယ်ပိုင်ဥစ္စာသည် ကံ၊ ဉာဏ်၊ ဝီရိယ အားကိုးပြီး ကိုယ်ကျိုးမဖက် အများကောင်းကျိုးတိုးပွားစေရေး အလေးထားကာ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ဆောင်ရွက်ခြင်းသာဖြစ်သည်။ ထိုသူသည် ထာဝရရှင်သန်နေပြီး ဟောင်းခဲ့သော်လည်း မဟောင်းမနွမ်း ထာဝရသတိရနေမည့်သူဖြစ်ပါသည်။

နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် အနှီစွမ်းဆောင်ရှင်များသည် ကိုယ်ကျိုးမငဲ့ အများကောင်းကျိုးအတွက် ယုံကြည်ချက်ခိုင်ကျည် အသက်ကိုပင်စွန့်လွှတ်နိုင်သည့် တာဝန်ကျေသူ ဖြစ်သည်။ ပတ်ဝန်းကျင်ကလည်း ထိုသူအား နှလုံးသားထဲစွဲမြဲပြီး အမြဲထာဝရသတိရနေကြသည်။ မည်သူ၏တွန်းအားမှမပါဘဲ ဖြစ်တည်နေသော သမိုင်းမှတ်တိုင်များ ပိုင်ဆိုင်ထားသူများဖြစ်သည်။

နိုင်ငံရေးနယ်ပယ်တွင် ထိုသို့ထင်ရှားသူများရှိသလို စာပေနယ်ပယ်တွင်လည်း သူ့ခေတ်သူ့အခါ အလျောက် ထင်ရှားသူများရှိသည်။ ပဒေသရာဇ်ခေတ်က မဟာပညာကျော်လျှောက်ထုံး၊ ဦးပေါ်ဦးလျှောက်ထုံးများသည် မျက်မှောက်ကာလအထိ ဗဟုသုတဟင်းလေးအိုးသဖွယ် အသုံးဝင်နေဆဲဖြစ်သည်။ လှိုင်ထိပ်ခေါင်တင်၏ စိန်ခြူးကြာညောင်၊ နတ်သျှင်နောင်၏ ကျေးစေရတုများသည် ဖတ်ရှုသူ၏ရင်ကို ယနေ့တိုင်လှုပ်ခတ်နိုင်အောင် စွမ်းဆောင်မှုပေးနေဆဲဖြစ်သည်။

ဦးဖေမောင်တင်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှသည် မင်းသုဝဏ်၊ ဇော်ဂျီ၊ သိပ္ပံမောင်ဝ၊ ဒဂုန်တာရာ တို့၏ ခေတ်စမ်းစာပေသည် တစ်ခေတ်ဆန်းသစ်ပြီး မျက်မှောက်ကာလအထိ အကျိုးပြုနေဆဲဖြစ်သည်။ သိန်းဖေမြင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ လင်းယုန်မောင်မောင်စသည့် ပညာရှင်များ၏ စာပေလက်ရာများ၊ ရေးဟန်များကို နှောင်းခေတ်လူငယ်တို့ အတုယူခဲ့ကြသည်။ စာပေသမိုင်းတစ်ခေတ်ကို စိုက်ထူနိုင်ခဲ့ကြသည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းဝန်းကျင်တွင် အဟောင်းစာအုပ်မျိုးစုံတို့ကို လမ်းဘေးတွင် ပုံလျက်တွေ့မြင်နိုင်ပါသေးသည်။ အချို့အစီအရီထားသလို အချို့ပုံတိုက်ထားတတ်ကြသည်။ ရှားရှားပါးပါး စာအုပ်အဟောင်းများသည် လမ်းဘေးတွင် အသက်ဝင်ရှင်သန်နေဆဲဖြစ်သည်။ တစ်ခေတ်က အထင်ကရ စာကောင်းပေမွန်တို့မှာ လမ်းဘေးအဟောင်းတန်းတွင် မထင်မရှားနှင့် သူ့တန်ဖိုးနှင့်သူရှိနေဆဲဖြစ်သည်။

လမ်းဘေးစာအုပ်ဆိုင်ဟုဆိုသော်လည်း တစ်ချိန်က ကောင်းခဲ့သော စာပေတန်ဖိုးမဟောင်းသော ဂန္ထဝင်မြောက် စာအုပ်အဟောင်းများ သူ့နေရာနှင့်သူ တင့်တင့်တယ်တယ် ရှိစေချင်လှသည်။ ထိုက်ထိုက်တန်တန် နေရာပေး အလေးထားစေချင်လှသည်။ ယင်းမှာ မျက်မှောက်ကာလ စာပေချစ်သူတို့၏ စာပေအပေါ်ထားရှိရမည့် တာဝန်တစ်ရပ်ဟု ဆိုချင်ပါသည်။

ဟောင်းခဲ့သော်လည်း မဟောင်းသေးသော စာပေများသည် နှောင်းလူတို့အတွက် ခွန်အားများဟု ဆိုနိုင်ပါသည်။ လူပင်သေသော်လည်း နာမည်မသေသေးသည့် ခေတ်ဟောင်းစာပေရှင်များ၏ လက်ရာများသည် ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းလျှင်ကောင်းသလောက် အနာဂတ်မျိုးဆက်သစ်များအား ဆက်လက်အလုပ်အကျွေးပြုနေဦးမည်သာဖြစ်သည်။

ထို့ကြောင့် ခေတ်ဟောင်းစာပေများကို ဆက်လက်တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် တစ်ခေတ်ကထင်ရှားသော စာပေပညာရှင်ကြီးများအား ကျေးဇူးဆပ်ရာရောက်သလို အနာဂတ်မျိုးဆက်သစ်များအား မြေတောင်မြှောက်ပေးရာလည်း ရောက်ပေသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Hagay Moshe Behar၊ ဗန်ကောက်မြို့ အစ္စရေးသံရုံးတွင် ကာကွယ်ရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ Mr. Ori Bar Chaim နှင့် ၎င်း၏နေရာ၌ ဆက်လက်တာဝန်ထမ်းဆောင်မည့် Mr. Dan Carmel တို့မှ ယနေ့နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂

ရန်ကုန်	ရွှေဈေး	၆၄၆၅၀၀	-	၆၄၇၀၀၀
မန္တလေး	ရွှေဈေး	၆၄၆၃၀၀	-	၆၄၆၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၆၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၁၅. ၉
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၄. ၆၁
(ဃ)	ထိုင်း	တစ်ဘတ်	=	၂၉. ၄၁၅
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၉. ၆၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၃၄၂
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၇. ၄၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၄၈၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၉၈. ၂၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၉. ၅၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

အရည်အသွေးပြည့်ဝသည့် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစား

နေပြည်တော် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုက်နယ်ဆရာဝန် မွမ်းမံသင်တန်း (၁/၂၀၁၄)ဆင်းပွဲကို ဇွန် ၂ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော် လယ်ဝေးမြို့ရှိ ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် တိုက်နယ်ဆရာဝန်များအနေဖြင့် မိမိတို့၏အရည်အသွေး တိုးတက်အောင် အမြဲကြိုးစားလေ့လာသင်ယူကြပြီး အခက်အခဲများရှိပါက တင်ပြကြရန် ဖြစ်ကြောင်း၊လူနာများအား ကိုယ်ချင်းစာနာစိတ်ထားကာ ဆက်ဆံရေးကောင်းမွန်စွာဖြင့် ပြည့်စုံသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်ကြောင်း၊ ဒေသခံများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးခြင်းအားဖြင့် ဒေသခံများ၏ ယုံကြည်အားကိုးမှုကိုရယူနိုင်မည်ဖြစ်ကြောင်း၊ ကုသရေးလုပ်ငန်းများအပြင် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပညာပေးလုပ်ငန်းများကိုလည်း ဒေသခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သင်ယူဆည်းပူးခဲ့သော အသိပညာ၊ အတတ်ပညာများကို အသုံးပြုကာ အရည်အသွေးပြည့်ဝသည့် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံသည်။

သင်တန်းသို့ တိုက်နယ်ဆရာဝန် ၃၄ဦး တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆင့်ပွားသင်တန်းကျင်းပပြီးစီး

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် International Development Law Organization တို့ ပူးပေါင်းကျင်းပခဲ့သည့် Innovative Justice Training သင်တန်း၏ ဆင့်ပွားသင်တန်းဖြစ်သော Innovative Justice Sustainable Training သင်တန်းကို လုပ်ငန်းခွင်မပျက် ရုံးပိတ်ရက် (စနေ၊ တနင်္ဂနွေ) နေ့များတွင် မေ ၁၇ ရက်မှ ၆ ရက်ကြာ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ အစီအစဉ်ဖြင့် ယင်းရုံးအစည်းအဝေးခန်းမ၌ ပို့ချဆွေးနွေးခဲ့သည်။

သင်တန်းသို့ UNDP မှ Ms. Caitlin Reiger (Chief Technical Adviser) (Rule of Law) လာရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းသင်တန်းသည် နိုင်ငံတကာအဆင့်မီသော အရည်အချင်းများ တိုးတက် မြင့်မားလာစေရန်နှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပို့ချခြင်းဖြစ်ပြီး ဥပဒေအရာရှိ ၉၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

နည်းလမ်းများနှင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဘွဲ့ကြိုဆရာဝန်များကို အရည်အသွေးပြည့် အမြန်မွေးထုတ်နိုင်စေရန် မသက်ဆိုင်သည့် ဘာသာရပ်များကို ချန်လှပ်ကာ သင်ကြားသွားရန် အကြံညာဏ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာရပ် အားနည်းမှုများကိုလည်း ပြင်ဆင်သွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန်ဆရာဝန်များကိုလည်း လတ်တလောလိုအပ်ချက်အရ မဟာတန်းအစား ဘာသာရပ်စုံ Diploma ဦးစားပေးသင်ကြားမွေးထုတ်သွားရန်၊ ကန့်သတ်ချက်များ ဖြေလျှော့ခေါ်ယူသွားရန်၊ သူနာပြု၊ သားဖွားဆရာမများကိုလည်း အလားတူစနစ်များဖြင့်ခေါ်ယူ လေ့ကျင့်ပေးသွားရန်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် လေ့ကျင့်သင်ကြားမွေးထုတ်ရာတွင် မရှိမဖြစ်လိုအပ်သည့် သတ်မှတ်ချက် အရည်အသွေးရှိစေရန်နှင့် တက္ကသိုလ်၏ တရားဝင်အသိအမှတ်ပြုမှုရရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခင်က ရန်ကုန်ဆေးတက္ကသိုလ်(၁)နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ်တို့ကိုသာ တက်လိုကြပြီး မကွေးဆေးတက္ကသိုလ်ကို သွားမတက်လိုကြသည့်အထဲတွင် ဤအချက်တစ်ခုလည်း ပါဝင်ပါကြောင်း၊ ယခုဆက်လက်ဖွင့်လှစ်မည့် တောင်ကြီးဆေးတက္ကသိုလ်ကိုလည်း အလားတူ အခက်အခဲမျိုးမရှိစေရေး စီမံရန်လိုပါကြောင်း၊ ဝေးလံသည့် တက္ကသိုလ်များကို လိုအပ်ချက်များ ပိုပြီးဖြည့်ပေးရန် လိုအပ်ပါကြောင်း။

တတိယအချက်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို လုပ်ငန်းခွင်အတွင်း စွဲမြဲစွာ ထားရှိနိုင်ရေးစီမံခြင်းပင်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အတွင်း အားလုံးကို ပျော်ရွှင်အောင် မထားနိုင်ပါသော်လည်း အခြားဆောင်ရွက်ပေးသင့်သည့်၊ ပေးနိုင်သည့်၊ ပေးရန်လိုအပ်သည့် လူမှုရေးကိစ္စရပ်များကို ကူညီပေးသည့်စီမံမှုမျိုး ရှိစေသင့်ပါကြောင်း၊ ဥပမာ အိမ်ထောင်ကျဇနီးမောင်နှံကို တာဝန်ချထားပေးရာတွင် အဆင်ပြေအောင်စီမံပေးသင့်ကြောင်း၊ ဝေးလံခေါင်ပါးဒေသတွင် တာဝန်ကျသူများကို အခွင့်အရေးပိုပေးနိုင်စေရန်၊ လုံခြုံမှုရှိစေရန်၊ မမေ့မလျော့အချိန်တန်လျှင် ပြန်ခေါ်နိုင်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းစီမံပေးရမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်မှု၊ အသုံးချမှု၊ နေရာချထားမှု၊ စီမံခန့်ခွဲမှုများအတွက် စီမံကိန်းများ ရေးဆွဲခြင်းသည်လည်း ကျယ်ပြန့်သည့် ခေါင်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ မွေးထုတ်ပေးသည်မှာ ဆေးသိပ္ပံပညာဦးစီးဌာနဖြစ်ပြီး အသုံးချသည်မှာ၊ နေရာချသည်မှာ စီမံခန့်ခွဲမှုများကို ကျန်းမာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တာဝန်ကြီးသကဲ့သို့ ပြဿနာလည်း ကြီးမားသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဤခေါင်းစဉ်ကို ဘက်စုံထောင့်စုံ ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍကို ထည့်သွင်းလေ့ကျင့်သင်ကြားမွေးထုတ်ပေးရေးကိစ္စရပ်တွင် မြန်မာနိုင်ငံရှိ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လိုအပ်ချက်အရပ်ရပ်ကို နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်း၏ အင်အားဖြင့် ဆောင်ရွက်၍ မပြီးမြောက်နိုင်သည်မှာ သိသာထင်ရှားနေပါကြောင်း၊ ထို့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေရန် နိုင်ငံတော်က အဘက်ဘက်မှ တွန်းအားပေးနေသည့်အထဲတွင် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘွဲ့လွန်ဆေးပညာရပ်ကို အစိုးရဝန်ထမ်းများအတွက်သာ မဟုတ်ဘဲ ပုဂ္ဂလိကဝန်ထမ်းများကိုပါ အခကြေးငွေတစ်ရပ်ဖြင့် သင်ကြားပေးနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်လျှင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍလည်း ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း။

ယခု ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လက်တွေ့ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် လွတ်လပ်သည့် ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်လာပါက လွတ်လပ်စွာစီမံအုပ်ချုပ်သည့် ဆေးတက္ကသိုလ်များလည်း ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် အစိုးရနှင့် ပုဂ္ဂလိကနှစ်ခုစလုံးကို လွတ်လပ်စွာ ရပ်တည်ယှဉ်ပြိုင်မှုရှိလာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အစိုးရဝန်ကြီးဌာနက ပြင်ပရောက်နေကြသူများအားလုံးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ဆောင်မှုဘောင်အတွင်း လက်တွဲခေါ်ဆောင်ခြင်းမလုပ်နိုင်ပါက ယင်းပုဂ္ဂိုလ်များ၏ တန်ဖိုးရှိသည့် လုပ်အားကို ဖြုန်းတီးရာရောက်စေမည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုရှိသကဲ့သို့ ပြင်ပရောက် ဝန်ဆောင်မှုလုပ်သားများအတွက်လည်း နစ်နာဆုံးရှုံးမှု ဖြစ်စေပါကြောင်း။

ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပညာရေးမြှင့်တင်မှုတို့သည် အမြတ်အစွန်းပေါ်ထွက်ရေးဦးတည်သွားရသကဲ့သို့ နိုင်ငံတော်အပေါ် ကျရောက်နေသည့် ဝန်ထုပ်ဝန်ပိုးကိုလည်း တစ်နည်းမဟုတ်တစ်နည်းတစ်ထောင့်တစ်နေရာမှ မျှဝေထမ်းဆောင်မှုပေးနေခြင်းဖြစ်ပါကြောင်း။

ငွေကြေးတတ်နိုင်သူ လူတန်းစားအလွှာကို သင့်တင့်မျှတသည့် အခကြေးငွေတစ်ရပ်ယူကာ စောင့်ရှောက်မှုပေးသည်ကို မျှတသည့်အမြင်ဖြင့် မြင်ကြရန်လိုမှာဖြစ်ပါကြောင်း၊ အမြတ်အစွန်းတစ်ခုရှိမှသာ ရေရှည်လုပ်ငန်းအဖြစ်ဆောင်ရွက်နိုင်ပြီး ဒီထက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး စက်ပစ္စည်းကိရိယာများကိုလည်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိလာမည်ဖြစ်ပါကြောင်း။

ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန် ဝန်ဆောင်မှုပေးနိုင်မည့် ပုဂ္ဂလိကပိုင် ပညာရှင်များလည်းရှိပါမှသာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ယခုအခြေအနေအရ အငြိမ်းစားယူသွားသော ပုဂ္ဂိုလ်များ၏ ပံ့ပိုးဝန်ဆောင်မှုဖြင့် အစိုးရဝန်ထမ်းပညာရှင်များ၏ အချိန်ပိုင်းပါဝင်သော ဝန်ဆောင်မှုဖြင့်သာ ပေးနေရခြင်းဖြစ်သည့်အတွက် ယခုထက် ဖွံ့ဖြိုးစရာမရှိပါကြောင်း။

အငြိမ်းစားဝန်ထမ်း၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၏ အချိန်ပိုင်းဝန်ဆောင်မှုနှင့် မလုံလောက်ပါက ငှားရမ်းဆောင်ရွက်နိုင်မည့် နည်းလမ်းဖြစ်သည့် နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ သို့တည်းမဟုတ် နိုင်ငံခြားသားများကို ခေါ်ယူဆောင်ရွက်ပါက ဖြစ်နိုင်ခြေရှိ၊ မရှိ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ပေးကြရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့် လမ်းဆုံလမ်းခွသို့ ရောက်နေပြီဖြစ်သည်ဟု ထင်မြင်ယူဆမိပါကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းသည် တစ်ဦးတစ်ယောက်၊ နှစ်ယောက်ဖြင့် တိုင်ပင်ဆုံးဖြတ်ခြင်းထက် အများနှင့်ဆွေးနွေး၊ ပညာရှင်များပါ ပါဝင်ဆွေးနွေးဆုံးဖြတ်ခြင်းသည် ပို၍မှန်ကန်သည့် ဆုံးဖြတ်ချက်ရနိုင်ပါကြောင်း၊ လက်ရှိ နိုင်ငံ့စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဝန်ထမ်းအရေအတွက်ပေးနိုင်မည့် ဝန်ဆောင်မှု အခြေအနေအရပ်ရပ်နှင့် ကိုက်ညီသော ဆုံးဖြတ်ချက်ရရှိပြီး ရရှိလာသည့် ဆုံးဖြတ်ချက်အပေါ် အသင့်တော်ဆုံး အကောင်အထည်ဖော်နိုင်မှုရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဦးတည်ချက်နှစ်ရပ်မှာ လက်ရှိအခြေအနေအရ နိုင်ငံတော်ကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များကို အမြန်ဆုံးမွေးထုတ်ခန့်ထားနိုင်ရေးနှင့် ယင်းသို့ လေ့ကျင့်မွေးထုတ်ရာတွင် ပုဂ္ဂလိကကဏ္ဍကိုလည်း ထည့်သွင်းလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်တစ်ခုတည်းဖြင့် ထမ်းဆောင်နေသည့်ဝန်အားကို ပုဂ္ဂလိကကဏ္ဍကိုလည်း မျှဝေပေးကာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာစေရန်ဖြစ်ရာ ယခုဆွေးနွေးပွဲကို တက်ရောက်လာကြသူများအားလုံးက အကောင်းဆုံးဖြစ်စေရန်ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဆိုင်ရာ အငြိမ်းစားပညာရှင်များနှင့် တာဝန်ရှိသူများ၊ ပါမောက္ခများ၊ ဆေးနှင့် ဆေးပညာနှီးနွှယ်ကောင်စီများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားကာ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲကို အဖွဲ့ငါးဖွဲ့ခွဲကာ Health Workforce Retention၊ Quantity & Quality in Medical Education၊ Administration & Management၊ Private Sector Involvement၊ HRH Policy စသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆွေးနွေးချက်များနှင့် ထောက်ခံအကြံပြုချက်များကို ခြုံငုံသုံးသပ်တင်ပြခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ကျွန်တော်နဲ့ . . .
ဆောင်းပါးများ စုစည်းမှုစာအုပ်ထွက်ရှိ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြခဲ့သော ကျွန်တော်နဲ့. . . ဆောင်းပါးများကို စုစည်းထားသည့် ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



အဆိုပါ စာအုပ်တွင် ကျွန်တော်နဲ့ ပါရဂူဘွဲ့၊ ပဋိပက္ခဖြေရှင်းမှု၊ အဂတိလိုက်စားမှု၊ ကိုယ်ကျိုးစီးပွားပဋိပက္ခ၊ ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု၊ တပည့်များ၊ စာမေးပွဲစနစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အချိန်စီမံခန့်ခွဲခြင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ နယူးယောက်မြို့၊ စာသင်ခြင်း၊ တက္ကသိုလ်အဆောင်များ၊ ၂၀၁၄ အာဆီယံ အနိမ့်ဆုံးလစာ စသည့် ဆောင်းပါး ၃၆ ပုဒ်ပါရှိသည်။

စာအုပ်များကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင်အပါအဝင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ စာအုပ်ဆိုင်များတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ကြောင်းနှင့် စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလိုပါက ကိုထိန်လင်း ဖုန်း ၀၁-၂၄၈၁၀၂နှင့်၀၉-၇၃၁၀၀၂၇၄ တို့သို့ ဆက်သွယ်နိုင်သည်။

(ကြေးမုံ)

✳**ကျောဖုံးမှ**

ကုသမှုခံယူလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ပုတီးကုန်း ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် လည်းကောင်း၊ ကျန် ၁၀ ဦးအား ပြင်ပလူနာအဖြစ်လည်းကောင်း ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

မသဲပုံချစ်အပါအဝင် ဒဏ်ရာရ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးနှင့်အဖွဲ့တို့က ယနေ့တွင် သွားရောက်တွေ့ဆုံ၍ လိုအပ်သည့် လူမှုရေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်ပြုပြင်ရန်အတွက် အရေးပေါ်နှင့် ကျပ်သိန်း ၅၀ အောက် အသေးစားပြုပြင်မှုများကို အမှတ်(၁) အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ ခွင့်ပြုချက်တောင်းခံရန်မလိုဘဲ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးရုံးများ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၁၀၀၀ ကို ကျောင်းသားဦးရေအချိုးအရ ပညာရေးဝန်ကြီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးရုံးများသို့ ခွဲဝေပေးထားပြီး ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ အထက(၁)၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းစတင်တက်ရောက်ကြစဉ်။ ချမ်းသာ(မိတ္ထီလာ)

PUN HLAING HOSPITAL

အတွေ့အတွေ့ခွဲစိတ်ကုသမှုအထူးအစီအစဉ်

သည်းခြေအိတ်နှင့် သည်းခြေကျောက်များကိုမှန်ပြောင်းသုံး၍ခွဲစိတ်ကုသခြင်း၊ အူကျွံပေါက်ကို ဖာထေးခြင်းဖြင့် အူကျွံနာကို ခွဲစိတ်ပြုပြင်ခြင်း၊

လိပ်ခေါင်းရောဂါ ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများကို ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် စစ်ဆေးခြင်း၊

အခြားအထွေထွေခွဲစိတ်ကုသခြင်း များကိုနောက်ဆုံးပေါ်နည်းပညာများအသုံးပြု၍ မြန်မာဆရာဝန်ကြီးများနှင့်အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးတို့

ပူးပေါင်း၍ ဇွန်လ (၉) ရက်နေ့မှ (၁၈) ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

စပိန်ဘုရင် ယွန်ကာလို့စ် နန်းစွန့်တော့မည်ဟု ဝန်ကြီးချုပ် ရာဂျွိုင်း ထုတ်ပြန်ကြေညာ

မက်ဒရစ် ဇွန် ၂

စပိန်ဘုရင်ယွန်ကာလို့စ်သည် သားတော်အား နန်းမွေပေးနိုင်ရန် ရည်ရွယ်လျက် နန်းစွန့်တော့မည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နန်းသက် ၃၉ နှစ်ရှိ ဘုရင်ယွန်ကာလို့စ်သည် ယခုအခါ သက်တော် (၇၆) နှစ်ရှိပြီဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဖရန်စစ္စကိုဖရန်ကို ကွယ်လွန်ခဲ့ပြီးနောက် နန်းတက်ခဲ့သူ ယွန်ကာလို့စ်သည် ယခု အခါ ကျန်းမာရေးကျဆင်းလာနေပြီး တော်ဝင်မိသားစုအရှုပ်တော်ပုံများကြောင့် ပြည်သူများ၏ ကြည်ညိုလေးစားခံရမှု မှေးမှိန်လာသည်။

ဘုရင်မင်းမြတ်ယွန်ကာလို့စ်သည် နန်းစွန့်ရန် ဆန္ဒရှိပုံကို မိမိအားထုတ်ဖော်ပြောကြားခဲ့ကြောင်း ဝန်ကြီးချုပ်ရာဂျွိုင်းက သတင်းထောက်များအား ပြောကြားသည်။

ဘုရင်ယွန်ကာလို့စ်သည် အသက် (၄၆) နှစ်အရွယ်ရှိ သားတော် ဖီးလစ်ဒီဘော်ဘွန်အား နန်းမွေလွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ ဩစတူရီးယပ်စ် မင်းသားဖီးလစ်သည် အိုလံပစ်ရွက်လှေအားကစားသမားဟောင်းဖြစ်သည်။

ရိုက်တာ။

စပိန်ဘုရင် ယွန်ကာလို့စ်၊ မိဖုရား ဆိုဖီယာနှင့် အိမ်ရှေ့မင်းသား ဖီးလစ်ဒီဘော်ဘွန် တို့အား တွေ့ရစဉ်။

၂၀၂၂ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကာတာနိုင်ငံ၌ ကျင်းပရန် ရွေးချယ်ခဲ့ခြင်းအတွက် အငြင်းပွားမှုများ ပေါ်ထွက်ခဲ့သည်။

ကာတာ၏ ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဖြစ်ခွင့်ရရှိခြင်းကို စတင် စုံစမ်းစစ်ဆေးပြီ

ဒိုဟာ ဇွန် ၂

ကာတာနိုင်ငံ၏ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပခွင့်ရရှိရေး ကော်မတီအဖွဲ့ဝင်များသည် တနင်္လာနေ့တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ စုံစမ်းစစ်ဆေးသူ မိုက်ကယ်ဂါစီယာနှင့် တွေ့ဆုံကြရမည်ဖြစ်ကြောင်း ဘီဘီစီက ဖော်ပြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပခွင့်ကို ကာတာနိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုမှုများ ပိုမိုကျယ်လောင်လာချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် ဘောလုံးပြိုင်ပွဲ လက်ခံကျင်းပခွင့်ရရှိရေးကို ထောက်ခံပေးကြသော တာဝန်ရှိပုဂ္ဂိုလ်များအား စတာလင်ပေါင် သန်းနှင့်ချီ၍ ပေးခဲ့သည်ဟု "ဒီဆန်းဒေးတိုင်း(မ်)" သတင်းစာကြီးက ထုတ်ဖော်ရေးသားသည်။

ကာတာနိုင်ငံသည် အဆိုပါလက်ခံကျင်းပခွင့်ကို လာဘ်ပေးဆောင်ခြင်း၊ မလျော်ဩဇာ အရှိန်အဝါသုံးစွဲခြင်းဖြင့် ရယူခဲ့ကြောင်း သက်သေအထောက်အထားပြသနိုင်ခဲ့လျှင် ၎င်းဆုံးဖြတ်ချက်မှာ တည်မြဲဖွယ်ရာမရှိနိုင်ဟု ဖီဖာ၏ လွတ်လပ်သော အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် လော့ဒ် ဂိုးလ်စမစ်က ပြောသည်။

ဖီဖာဒုတိယဥက္ကဋ္ဌ ဂျင်ဗွိုက်(စ်)ကလည်း အဂတိလိုက်စားမှုရှိခဲ့ကြောင်း အထောက်အထား ခိုင်လုံစွာ ပြသနိုင်ခဲ့လျှင် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံကို ပြန်လည်မဲပေးရွေးချယ်ရန် ၎င်းက ထောက်ခံမည်ဟု ပြောကြားလိုက်သည်။

ကာတာနိုင်ငံ၏ ၂၀၂၂ ခုနှစ် ပြိုင်ပွဲ ကျင်းပခွင့်ရရှိရေး ကော်မတီက စွပ်စွဲချက်များသည် အခြေအမြစ်မရှိ မှားယွင်းကြောင်း ငြင်းဆိုသည်။

အိုမန်နိုင်ငံ၌ ကာတာနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည့် နယူးယောက်မြို့မှ ရှေ့နေ ဂါစီယာသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရေးဆောင်ရွက်မှုများကို အချိန်ယူ၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

ကာတာနိုင်ငံ အိမ်ရှင်ဖြစ်ခွင့်ရရှိရေးကို ထောက်ခံကြခြင်းအတွက် တုံ့ပြန်မှုအဖြစ် စုစုပေါင်း ပေါင်သုံးသန်းကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများက ရယူခဲ့ကြသည်ဟု "ဒီဆန်းဒေးတိုင်း(မ်)"သတင်းစာက ဖော်ပြထားသည်။

ဘီဘီစီ။

ဘရာဇီးဘောလုံးသူရဲကောင်း ပီလီ၏သား ငွေကြေးခဝါချမှုဖြင့် ထောင် ၃၃ နှစ် ချမှတ်ခံရ

ဆော်ပေါ်လို ဇွန် ၂

ဘရာဇီးဘောလုံးသူရဲကောင်းပီလီ၏သားဖြစ်သူအား မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုမှရရှိသော ငွေကြေးများအား ခဝါချမှုစွဲချက်များဖြင့် ထောင်ဒဏ် ၃၃ နှစ် ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ထောင်ဒဏ်ချမှတ်ခံရသူ အီဒင်ဟိုသည် ၎င်း၏ဖခင် ပီလီကစားခဲ့သော ဆန်တို့စ်ဘောလုံးအသင်းတွင် ဂိုးသမားအဖြစ် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပါဝင်ကစားခဲ့ဖူးသူ ကစားသမားဟောင်းလည်းဖြစ်သည်။

၎င်းသည် ဆန်တို့စ်မြို့ရှိ နာမည်ဆိုးဖြင့်ကျော်ကြားသော မူးယစ်ဆေးဝါးဖြန့်ချိသည့်အဖွဲ့နှင့် ဆက်စပ်မှုရှိခြင်းကြောင့် ၂၀၀၅ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးကာ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

၎င်းသည် မူးယစ်ဆေးဆိုင်ရာ ပြဿနာများရှိကြောင်း ဝန်ခံခဲ့ပြီး မူးယစ်ဆေးမှောင်ခိုရောင်းချမှုနှင့် ပတ်သက်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။

အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်သည့် အီဒင်ဟိုသည် ဆန်တို့စ်ဘောလုံးအသင်းတွင် ဂိုးနည်းပြအဖြစ် လုပ်ကိုင်လျက်ရှိသည်။

ဘီဘီစီ။

ရွေးကောက်ပွဲ ပျက်ပြားစေရန် တိုက်ခိုက်မည်ဟု တာလီဘန်အဖွဲ့ ခြိမ်းခြောက်

ကဘူး ဇွန် ၂

အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲ ပျက်ပြားစေရန် တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဟု တာလီဘန်အဖွဲ့က ဇွန် ၂ ရက်တွင် ခြိမ်းခြောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒုတိယအကျော့မဲပေးပွဲကို ဇွန် ၁၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။ သမ္မတရွေးကောက်ပွဲတွင် ကမ္ဘာ့ဘဏ်စီးပွားရေးပညာရှင်ဟောင်း အက်ရှ်ရက်ဖ်ဂါနီနှင့် ဆရာဝန်အဗ္ဗဒူလာအဗ္ဗဒူလာတို့ ယှဉ်ပြိုင်လျက်ရှိသည်။ အဗ္ဗဒူလာအဗ္ဗဒူလာသည် အာမက်ရှားမာဆွတ် ဦးဆောင်သော မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ဧပြီလအတွင်း ပထမအကျော့မဲပေးပွဲကျင်းပခဲ့စဉ်ကလည်း ရွေးကောက်ပွဲပျက်ပြားစေရန် နှောင့်ယှက်မည်ဟု တာလီဘန်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သော်လည်း လုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ခြင်းမရှိဘဲ မဲပေးသူဦးရေ များပြားခဲ့သည်။

ရွေးကောက်ပွဲကာလအတွင်း မဲရုံလုပ်သားများနှင့် မဲရုံများကို ပစ်မှတ်ထား၍ တိုက်ခိုက်သွားမည်ဟု တာလီဘန်အဖွဲ့က ထပ်မံခြိမ်းခြောက်လာခြင်းဖြစ်သည်။

ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံလျက်ရှိကြသော သမ္မတလောင်းနှစ်ဦးစလုံးက အမေရိကန်နှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်သစ်ကို လက်မှတ်ရေးထိုးမည်ဟု ပြောကြားခဲ့ကြသည်။

ရိုက်တာ။

တယ်လန်ဂါနာပြည်နယ် အိန္ဒိယ၏ ပြည်နယ်သစ်ဖြစ်လာ

နယူးဒေလီ ဇွန် ၂

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အင်ဒရာပရာဒေ့ရှ်ပြည်နယ်ကို နယ်မြေဒေသနှစ်ခုအဖြစ်သို့ တရားဝင်ခွဲခြားလိုက်ပြီဖြစ်ကြောင်း၊ ယင်းပြည်နယ်၏ မြောက်ပိုင်းဧရိယာကိုအခြေပြု၍ ပြည်နယ်သစ်တစ်ခုအဖြစ် ထူထောင်လိုက်ရာ တယ်လန်ဂါနာပြည်နယ် ဟူသောအမည်သစ် ထွက်ပေါ်လာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းဒေသရှိပြည်သူများသည် အစိုးရ၏ဥပေက္ခာပြုခြင်းခံရသည်ဟု ထင်မြင်ယူဆခဲ့ကြကာ နှစ်ပေါင်းကြာရှည်စွာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြည်နယ်သစ်အဖြစ် ထူထောင်ခွင့်ရရှိခဲ့သည်။

ဇွန် ၁ ရက် ဒေသစံတော်ချိန် ညသန်းခေါင်ယံမှစ၍ တယ်လန်ဂါနာပြည်နယ်သစ် ပေါ်ထွန်းလာခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ၂၉ ခုမြောက် ပြည်နယ်ဖြစ်သည်။

တယ်လန်ဂါနာပြည်နယ်သည် လူဦးရေ ၃၅ သန်းရှိပြီး အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ပါဝင်ခဲ့သော ခရိုင် ၁၀ ခုကို အခြေပြုကာ ပြည်နယ်အဖြစ်ဖွဲ့စည်းထားပြီး မြို့တော်မှာ ဟိုင်ဒရာဘတ်ဖြစ်သည်။

ဘီဘီစီ။

တယ်လန်ဂါနာပြည်နယ် ထူထောင်ခွင့်ရရှိရန် ဒေသခံပြည်သူများက ဆန္ဒဖော်ထုတ်ခဲ့ကြသော မှတ်တမ်းပုံ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာစပ်ဖောင်ဖက်ချ်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရုံးသို့ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုင်းခေတ္တနိုင်ငံခြားရေးဝန်ကြီးသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး ယင်းတွေ့ဆုံပွဲ၌ ထိုင်းနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားကာ ထိုင်းနိုင်ငံသည်အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ရည်မှန်းချက်များကို ကျန်အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ကို ထပ်လောင်းကတိပြုပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ၎င်း၏ ခရီးစဉ်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ဆက်လက်အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဘိုးဘွားရိပ်သာများနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများအတွက် အလှူငွေများထောက်ပံ့

နေပြည်တော် ဇွန် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်၍ ပုသိမ်မြို့နယ် စက်တော်ရာဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃၀ ဒသမ ၆၁ သိန်းနှင့် ကန်သုံးဆင့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၆၄ ဒသမ ၁၉ သိန်း၊ ငပုတောမြို့နယ် ရွှေကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၅၈ ဒသမ ၄၃ သိန်း၊ ကျုံပျော်မြို့နယ် ရေစခန်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ အတွက် ငွေကျပ် ၄၀ ဒသမ ၁၀ သိန်း၊ ပုသိမ်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၉ ကျောင်းအတွက် ငွေကျပ် ၁၇၄သိန်း၊ လပွတ္တာမြို့နယ် ဘီတွက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၃၂ ဒသမ ၈၀ သိန်း၊ လပွတ္တာခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ငွေကျပ် ၃၆သိန်း၊ မြောင်းမြမြို့နယ် မြောင်းမြ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၆ ဒသမ ၂၃ သိန်းနှင့် မြောင်းမြလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၃၆ ဒသမ ၇၅ သိန်း၊ အိမ်မဲမြို့နယ် ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာ အတွက် ငွေကျပ် ၇ ဒသမ ၈ သိန်းနှင့် အောင်သိပ္ပံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၅၀ ဒသမ ၃၂ သိန်း၊ ဝါးခယ်မမြို့နယ် ဒေါ်ပိုက်မိ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃ ဒသမ ၆ သိန်း၊ မာသာထရီဇာဘိုးဘွားရိပ်သာ အတွက် ငွေကျပ် ၄ ဒသမ ၈ သိန်းနှင့် ဝါးခယ်မလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၃၇ ဒသမ ၉၁ သိန်း၊ မြောင်းမြခရိုင် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆ ကျောင်းအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၆၃၉ ဒသမ ၅၄ သိန်းကို ပေးအပ်ထောက်ပံ့ခဲ့သည်။

ထို့နောက် ပုသိမ်ဟိုတယ်၌ ကျင်းပသည့် ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာခရိုင်အတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားကာ Action Aid အဖွဲ့က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေနှင့် အသိပညာပေးစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ (၁၄)ရပ်ကွက် ဥမ္မာဒန္တီပန်းဆက်လမ်းရှိ ပုသိမ်ကလေးပြုစုရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆိုင်းဘုတ်မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘောလုံး အကယ်ဒမီကျောင်း(ပုသိမ်)၌ ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာ ၃၅ ရွာမှ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းလူငယ် ၅၀ နှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ၅၀ တို့ကို နည်းပြသင်တန်းပို့ချသင်ကြားနေမှုများအား ကြည့်ရှုအားပေးသည်။

ဇွန် ၁ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဖျာပုံခရိုင်အတွင်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ပြီး ဖျာပုံမြို့နယ် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၁၅ ဒသမ ၃၃သိန်း၊ ကနိလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၈၄ ဒသမ ၅၄ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၃၀ အတွက် ငွေကျပ် သိန်း ၁၈၀၊ ကျိုက်လတ်မြို့နယ် ပေချောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေ ကျပ်၂၉ ဒသမ ၁၅ သိန်း၊ ဘိုကလေးမြို့နယ် ဘိုးဘွားချမ်းမြေ့ဗိမ္မာဘိုးဘွားရိပ်သာ အတွက် ငွေကျပ် ၆ ဒသမ ၃ သိန်း၊ ရတနာမဥ္ဇူ လူငယ်ပရဟိတဂေဟာ အတွက် ငွေကျပ် ၁၅ သိန်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း သုံးကျောင်းအတွက် ငွေကျပ် ၉သိန်း၊ ဒေးဒရဲမြို့နယ် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၆ ကျောင်း အတွက် ငွေကျပ် ၉၆ သိန်း စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၄၇၃ ဒသမ ၄၇သိန်းကို ပေးအပ်ထောက်ပံ့သည်။

ယင်းနောက် ဖျာပုံခရိုင်အတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ အတွက် နည်းပြသင်တန်း(၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနား**(အောက်ဝဲပုံ)**သို့ တက်ရောက်ပြီး ထန်းပင်ပရိယတ္တိကျောင်းတိုက်၌ ဖျာပုံမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်း ကျေးရွာ ၂၅ ရွာမှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ် ၃၀ နှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ၃၀ တို့ကို နည်းပြသင်တန်းပို့ချသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဖျာပုံမြို့ (၁၁)ရပ်ကွက် ဆောက်လုပ်ရေးဝင်းအနီးရှိ ဖျာပုံ မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မူကြိုကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အိမ်တွင်းမှုလုပ်ငန်း အတတ်သင်ကျောင်း၌ စက်ချုပ်သင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေနှင့် ညီညွတ်စေခြင်း

ဦးဟန်ညွန့်
(ဥပဒေ)

ဥပဒေနှင့်

ဥပဒေရေးဆွဲခြင်း၊ ဥပဒေပညာပေးခြင်းဆောင်းပါးများ ရေးသားပြီးနောက် ဥပဒေနှင့် ညီညွတ်စေခြင်းခေါင်းစဉ်ဖြင့် ဤဆောင်းပါးကို ရေးသားတင်ဆက်လိုက်ပါသည်။ ဘာ့ကြောင့်လဲ။ အရာရာတွင် ဥပဒေနှင့်ညီညွတ်စေချင်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီစေချင်သည်။ အလုပ်ကြီး အကိုင်ကြီးလုပ်ကြသည်။ ငွေအရင်းအနှီးများစွာ မြှုပ်နှံကြသည်။ လောဘဇောနောက်သို့ လိုက်ကြသည်။ ပြဋ္ဌာန်းတရားဥပဒေကို ဂရုမစိုက်။ ဥပဒေသဘောကို နားမလည်။ မလေ့လာ။ ဥပဒေတတ်ကျွမ်းသူကိုလည်း မတိုင်ပင်။ စာချုပ်စာတမ်းရေးမထား။ ရေးထားသည့်စာချုပ်ကလည်း ဥပဒေနှင့်မညီ။ ထိုအခါ သဲထဲရေသွန်ဖြစ်ကြပြီ။

ရင်းနှီးမြှုပ်နှံမှု ဥပဒေ

ယနေ့ခေတ်တွင် ရင်းနှီးမြှုပ်နှံသူတွေ တော်တော်များလာသည်။ မြန်မာနိုင်ငံသားများ၊ နိုင်ငံသားမဟုတ်သူ နိုင်ငံခြားသားများ စသည်ဖြင့် ခွဲခြားတွေ့နိုင်သည်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၉-၇-၂၀၁၃ နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂-၁၁-၂၀၁၂ တို့ကို အနည်းဆုံး ဖတ်ရှုလေ့လာသင့်သည်။ ရည်ရွယ်ချက်များသိသင့်သည်။ ဥပဒေပြဋ္ဌာန်းရခြင်း၏ နောက်ခံသမိုင်းကိုပါ အဖြေရှာသင့်သည်။ ဘက်စုံသုံးသပ်သင့်သည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ

ဤဥပဒေတွင် အခန်းပေါင်း ၁၈ ခန်းပါဝင်သည်။ ပုဒ်မပေါင်း ၄၅ ခုရှိသည်။ ဥပဒေ၏ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံအပါအဝင် နိုင်ငံတော်ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပေသည်။

ရင်းနှီးမြှုပ်နှံမှုပုံစံ

ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံသားက မတည်ငွေရင်း ရာခိုင်နှုန်းပြည့်ဖြင့် ဆောင်ရွက်ခြင်း

(ခ) နိုင်ငံသားနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ ဖက်စပ်ပြုလုပ်ခြင်း

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား ရင်းနှီးမြှုပ်နှံမှုစာချုပ်ချုပ်ဆိုရာတွင် ဘီအိုတီ၊ ဘီအိုအို အပါအဝင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီသည့် စနစ်ဖြင့်ဆောင်ရွက်ခြင်း

(ဃ) လုပ်ငန်းဆိုင်ရာပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့်ညီညွတ်သော စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်စေ၊ အစုအဖွဲ့ပိုင်လုပ်ငန်းဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ဖွဲ့စည်းနိုင်ကြောင်းလည်း ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

တာဝန်နှင့် အခွင့်အရေးများ

ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် အခွင့်အရေးများကို ဥပဒေအခန်း(၈)တွင် ဖော်ပြထားသည်။ ဥပဒေ၏ အခြေခံမူများ၊ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကိုသိရှိရမည်ဖြစ်သကဲ့သို့ တာဝန်နှင့် အခွင့်အရေးများကို လေ့လာအပ်သည်။ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ခွင့်ပြုမိန့်လျှောက်ထားပုံ၊ အာမခံချက်များ၊ မြေအသုံးပြုခွင့်၊ မတည်ငွေရင်း၊ ငွေရေးကြေးရေးကိစ္စ၊ စီမံခန့်ခွဲရေးပြစ်ဒဏ်များ၊ အငြင်းပွားမှုဖြေရှင်းခြင်းများကို သိရှိလေ့လာပြီးမှသာ ရင်းနှီးမြှုပ်နှံမှုများပြုသင့်ပေသည်။ ဘက်စုံခြုံငုံလေ့လာအပ်ပေသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ

ယနေ့ ရေပန်းစားနေသောဥပဒေမှာ "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ" ဖြစ်သည်။ အခန်းပေါင်း ၂၀ ပါဝင်သည်။ ပုဒ်မပေါင်း (၅၇)ခုရှိသည်။ နိုင်ငံခြားသားများ အထူးစိတ်ပါဝင်စားသည်။ မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြရမည်။ ဘက်စုံလေ့လာနားလည်စေအပ်သည်။ အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်တွင် နိုင်ငံသားနှင့် နိုင်ငံခြားသား မတူညီ၊ ကွဲပြားစွာ ရှင်းလင်းဖော်ပြထားသည်။ ဘာသာပြန်မမှားဖို့ လိုအပ်မည်။

ရည်ရွယ်ချက်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၏ ရည်ရွယ်ချက်မှာ- နိုင်ငံတော်၏ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရန် လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များပေါ်ပေါက်ပေါများလာစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံများဖြစ်သော ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အဆင့်မြင့်ကားလမ်းမများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ပေးသည့် အဝေးပြေးလမ်းများ၊ အမျိုးသားလျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီသတင်းအချက်အလက် နည်းပညာအပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်၊ ဆက်သွယ်ရေးကွန်ရက်များ၊ နိုင်ငံတကာအဆင့်မီရထား၊ သင်္ဘော၊ လေယာဉ်စသည့် ပို့ဆောင်ရေးလုပ်ငန်းများအပါအဝင် ပညာရပ်နယ်ပယ်အသီးသီး နိုင်ငံတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားများ နိုင်ငံတကာနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာစံနှုန်းနှင့်အညီ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်ဖြစ်ပါသည်။

> ဥပဒေပညာရှင် မဟုတ်သူများက ဥပဒေမဲ့လုပ်ခြင်းထက် ဥပဒေပညာရှင်များက ဥပဒေမဲ့ မလုပ်မိဖို့ ပို၍အရေးကြီးသည်။ ဥပဒေမဲ့လုပ်သူများကိုပါ မလုပ်အောင်တားဆီးဖို့ ပို၍အရေးကြီး…

ကင်းလွတ်ခွင့်နှင့် သက်သာခွင့်

နိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးအထောက်အကူပြုရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အခွန်ကင်းလွတ်ခွင့်(သို့မဟုတ်) သက်သာခွင့်များ ပေးထားသည်။ သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်း မပြုကြောင်းလည်း အာမခံထားသည်။ ပဋိညာဉ်စာချုပ်သက်တမ်းကုန်လျှင် ရပိုင်ခွင့်များကို ထည့်ဝင်ခဲ့သော နိုင်ငံခြားငွေအမျိုးအစားဖြင့် ထုတ်ပေးရန် အာမခံသည်။ မြေအသုံးပြုခွင့်ကို ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ ကနဦးနှစ် ၅၀အထိ ခွင့်ပြုနိုင်သည်။ နိုင်ငံခြားမတည်ငွေရင်း၊ နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်၊ နိုင်ငံခြားငွေရေးကြေးရေးကိစ္စများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရသည်။ ဥပဒေသာမက နည်းဥပဒေများပါ လေ့လာကျေညက်စေရမည်။

အရပ်စာချုပ်၊ အရပ်စကား

စီးပွားရေးလုပ်ငန်းများအတွက် တည်ဆဲဥပဒေများရှိသည်။ စီးပွားရေးဆိုင်ရာ ဥပဒေများရှိသည်။ စာချုပ်စာတမ်း ချုပ်ဆိုခြင်းလုပ်ငန်းများအတွက် တည်ဆဲဥပဒေရှိသည်။ စာချုပ်စာတမ်းဆိုင်ရာ ဥပဒေများရှိသည်။ ဥပဒေပညာရှင်များအားလုံး သိကြသည်။ စီးပွားရေးလုပ်ငန်းရှင်များ အားလုံးလည်း သိကြသည်။ သို့သော် သိရက်နှင့်မှားတတ်ကြသည်။ ဖြတ်လမ်းလိုက်တတ်ကြသည်။ အလွယ်လုပ်တတ်ကြသည်။ မိမိ၏ တန်ဖိုးကို မိမိသိဖို့ အရေးကြီးလှသည်။ မိမိ၏ တန်ဖိုးကို မိမိမဖျက်သင့်။ ဥပဒေနှင့်ညီညွတ်သော စာချုပ်စာတမ်းများ ချုပ်ဆိုရန် လိုအပ်သည်။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပဋိညာဉ်အက်ဥပဒေ၊ မှတ်ပုံတင်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို မမေ့ကြစေလို။ ဥပဒေပညာရှင် မဟုတ်သူများက ဥပဒေမဲ့ လုပ်ခြင်းထက် ဥပဒေပညာရှင်များက ဥပဒေမဲ့ မလုပ်မိဖို့ပို၍ အရေးကြီးသည်။ ဥပဒေမဲ့လုပ်သူများကိုပါ မလုပ်အောင် တားဆီးဖို့ ပို၍အရေးကြီးပြန်သည်။ အရပ်စာချုပ် မချုပ်ဖို့၊ အရပ်စကား ထပ်မမှားဖို့ အထူးလိုအပ်သည်။ မပြတ်သတိချပ်သင့်သည်။

အမှုအခင်း

ဥပဒေသိပါလျက် ဥပဒေကို မျက်ကွယ်ပြုသည်။ ဥပဒေမဲ့ လုပ်ကြသည်။ ထိုအခါ အမှုအခင်းဖြစ်ကြသည်။ တရားရုံးသို့ ရောက်ကြသည်။ နှစ်ဖက်အငြင်းပွားမှု တိုးပွားကြသည်။ ငွေကြေးကုန်ကြရသည်။ အချိန်ကုန်လူပန်းဖြစ်ရသည်။ အမှုတွေပွားကြသည်။ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ကြသည်။ ထိုအခါ "ဥပဒေပေတံ" ဖြင့်သာ တိုင်းတာကြရသည်။ မူလကတည်းက "ဥပဒေပေတံ"နှင့် မတိုင်းခဲ့မိတာပဲ မှားပြီ။ နောင်တအလီလီ၊ ဥပဒေနှင့်ညီညွတ်စေချင်သည်။

တံဆိပ်ခေါင်းခွန်

စာချုပ်ချုပ်လျှင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရစမြဲ။ သက်ဆိုင်ရာရုံးတွင် မှတ်ပုံတင်ရမည်။ သိသိနှင့် မိုက်ကြမည်လား။ အရပ်ကတိစာချုပ် ချုပ်ဆိုမည်လား။ လမ်းဘေးစာချုပ်ချုပ်ဆိုမည်လား။ စဉ်းစားသင့်သည်။ လမ်းဘေးကပုဂ္ဂိုလ်တွေကို အပြစ်မဆိုပါ။ ကိုယ်မမှားဖို့သာ အဓိကပါ။ လမ်းမှားမလိုက်စေလိုပါ။ ပေါ့စေလို၍ ကြောင်ရုပ်ထိုးမှဆေးအတွက် လေးတတ်ကြသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုရှိရမည်။ မလိမ်မညာ၊ အမှန်အကန် ရေရှည်တည်တံ့ရန် စဉ်းစားရမည်။ အလိမ်အကောက်၊ အမှားအယွင်း ရေတိုခဏဖြင့် ပြီးစလွယ်မလုပ်အပ်။ တရားဥပဒေကို လိုက်နာအပ်သည်။ တရားဥပဒေ၏ အကာအကွယ်ကို ရယူအပ်သည်။ တရားဥပဒေ၏ အခွင့်အရေးကို အလေးပေးအပ်သည်။ အသင့်ရိုက်ပြီးသား လမ်းဘေးစာချုပ်များဖြင့် ကတိထားခြင်းမှာ လမ်းဘေးအဆင့်၊ လမ်းဘေးကတိဖြစ်ချိမ့်မည်။ တန်ရာတန်ဖိုးဖြင့် ဂုဏ်သိက္ခာမြှင့်သင့်သည်။ အလွယ်လမ်းလိုက်မည်လား။

ပျက်ပြယ်သော သဘောတူညီချက်

ပျက်ပြယ်သော သဘောတူညီချက်အကြောင်းကို ဥပဒေပညာရှင်များအားလုံး သိကြသည်။ ကုမ္ပဏီလုပ်ငန်းပိုင်ရှင်ကြီးများလည်း သိကြသည်။ တရားဥပဒေအရ အတင်းအကျပ် မပြုသင့်သော ကိစ္စများရှိသည်။ သဘောတူညီချက်များရှိသည်။ အတင်းအကျပ် မပြုသင့်သည်ကို အတင်းအကျပ်ပြုလျှင် အဆိုပါသဘောတူညီချက်သည် ပျယ်ပြယ်သည်။ လွတ်လပ်သော သဘောတူညီချက်ဖြစ်ရမည်။ ဥပဒေနှင့် ညီညွတ်စေချင်သည်။ ဂုဏ်သိက္ခာရှိစေချင်သည်။

ရောင်းသူ၊ ဝယ်သူ၊ အသံတူ

"ရောင်းသူ၊ ဝယ်သူ၊ အသံတူ"ဟူသော ဆိုရိုးစကားထင်ရှားသည်။ ရောင်းသူက ရောင်းသူအင်္ဂါရပ်နှင့် ညီညွတ်ဖို့လိုသည်။ ထို့အတူ ဝယ်သူကလည်း ဝယ်သူအင်္ဂါရပ်နှင့် ညီညွတ်မှုဖြစ်မည်။ တရားဝင်ရောင်းဝယ်ဖို့ လိုမည်။ ရောင်းသူ၏တာဝန်၊ ဝယ်သူ၏တာဝန်တွေ ရှိသေးသည်။ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်ညီ၊ မညီတိုင်းတာကြသည်။ မည်သူမျှ အလွယ်တကူဖြစ်သလို မလုပ်ကြ။ ဖြစ်သလိုလုပ်လျှင်လည်း ဖြစ်ချင်ရာဖြစ်မည်သာ။

ငွေရေးကြေးရေးအဖွဲ့အစည်းများ (FINANCIAL INSTITUTIONS)

ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေနှင့်ကြေးနှင့် အလုပ်လုပ်ကြရသည်။ စာရင်းအင်းနှင့် အလုပ်လုပ်ကြရသည်။ စည်းမျဉ်းဥပဒေများနှင့် အလုပ်လုပ်ကြရသည်။ စာရင်းမရှိ၊ အင်းမရှိ၊ စည်းမျဉ်းမရှိ၊ ဥပဒေမရှိ၊ စာချုပ်စာတမ်းမရှိ လုပ်၍မဖြစ်။ ကတိသစ္စာမတည်၍မဖြစ်။ ကမ္ဘာနှင့်ချီ၍ လုပ်ကိုင်ကြရသော ကုမ္ပဏီကြီးများ၊ ဌာနကြီးများ၊ ရင်းနှီးမြှုပ်နှံမှုများသည် ဥပဒေမဲ့လုပ်ငန်းများ မဟုတ်။ စီးပွားရေးလုပ်ငန်းသာမက မည်သည့်လုပ်ငန်းများမဆို သူ့စည်း၊ သူ့ကမ်း၊ သူ့နည်းလမ်း၊ သူ့ဥပဒေအတိုင်းသာ လည်ပတ်ရစ်နှောင်ဖွဲ့စည်းထားရှိသည်။ ဥပဒေပညာရှင်တိုင်းသည် ဥပဒေများကိုအခြေပြု၍ ဥပဒေအကြံပြုကြသည်သာဖြစ်၏။

ဥပဒေနှင့် ညီညွတ်စေခြင်းဖြင့်သာ

စီးပွားရေးကဏ္ဍအတွက်သာ ဥပဒေနှင့်ညီညွတ်စေရုံမျှ မတင်ပြလိုပါ။ နေရာတကာတွင် ဥပဒေသည် အခရာ။ ရေရှည်အကျိုး မျှော်ကိုးကြစေချင်ပါသည်။ နိုင်ငံကြီးသားပီသသူများအားလုံးသည် တည်ဆဲတရားဥပဒေများ၏ အကာအကွယ်ကို ရယူခံစားသင့်ပါကြောင်း။ ။

နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်တာ
စားသုံးပြီးက၊ ပြေစာဖြတ် အခွန်ပါပြီးမှတ်

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်စ်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဦးကြည်ထွဋ်ဝင်းနှင့် ဒေါ်အေးအေးမူတို့ တက်ရောက်ကြပြီး အငြိမ်းစား ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်စ်နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick နှင့် ဗြိတိန်စစ်သံမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အလုပ်ရှင်၊ အလုပ်သမား အင်အားစုနှစ်ရပ်လုံး၏ စွမ်းပကားကို ယုံကြည်အလေးထားပြီး ကောင်းမွန်သည့် လူမှုပတ်ဝန်းကျင်များကို တည်ဆောက်သွားနိုင်မည်

နေပြည်တော် ဇွန် ၂

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်သူလူထုအကျိုးနှင့် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအကျိုးကို မျှော်မှန်း၍ သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ ဥပဒေနှင့်အညီ အခွင့်အရေးများကို ရရှိခံစားနိုင်ရန်၊ လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် စက်မှုလုပ်ငန်းခွင် ဖြစ်ပေါ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါကြောင်းဖြင့် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မတီ၏အစီရင်ခံစာအပေါ် ဝန်ကြီးဌာန၏ ဆောင်ရွက်ပြီးစီးမှုများကို ဒုတိယဝန်ကြီး ဦးထင်အောင်က တင်သွင်းစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့် လျော်ညီစေရန် ပြုပြင်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို လက်တွေ့နယ်ပယ်တွင် ကျင့်သုံးနိုင်ရန် ပညာပေးမှုများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားရေးရာကိစ္စများသည် သိမ်မွေ့သဖြင့် စနစ်တကျထိန်းကျောင်းပံ့ပိုးနိုင်စေမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အလုပ်ရှင်၊ အလုပ်သမား အင်အားစုနှစ်ရပ်လုံး၏ စွမ်းပကားကို ယုံကြည်အလေးထားပြီး ကောင်းမွန်သည့်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်။

လူမှုပတ်ဝန်းကျင်များကို တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာ အပိုဒ်(၂၄)မှ(၃၃) အထိ ပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ၂၀၁၄ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် အခြေအနေများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ဧပြီလအထိ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ စသည့် ဥပဒေ(၅)ခုကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ရေးဆွဲလျက်ရှိသည့် ဥပဒေ(၅)ခုနှင့် အသစ်ရေးဆွဲပြီး ရုပ်သိမ်းမည့် ဥပဒေ(၆)ခုတို့ကို သတ်မှတ်ချိန်ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် နိုင်ငံခြားသားအလုပ်သမားဆိုင်ရာဥပဒေကြမ်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းတို့ကို ထပ်မံအသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးတွင် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများ တစ်ကြိမ်စီ အလိုက် ဆောင်ရွက်ချက်အကျဉ်းချုပ်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း အသိပေး ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းစတင်သည့် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၄ခုနှစ် မတ် ၃၁ ရက်ထိ ကာလအတွင်း ပုံမှန်အစည်းအဝေး(၉)ကြိမ်နှင့် အထူးအစည်းအဝေး တစ်ကြိမ်ကျင်းပပြုလုပ်နိုင်ခဲ့သည်။ လွှတ်တော်ကျင်းပခဲ့သည့် ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများအတွက် အမျိုးဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် နိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းရေး၊ မြန်မာနိုင်ငံ၏ လက်ရှိနှင့် အနာဂတ် လျှပ်စစ်လိုအပ်ချက်အတွက် အဓိကထားရမည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေအားလျှပ်စစ်ကဏ္ဍကို ကာလတို၊ ကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရေး စသည့် ဥပဒေပြုရေးလုပ်ငန်းဆိုင်ရာများကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်တွင် အတည်ပြုပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ရန် သဘောတူခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သည့် **စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပေးပို့သည့် **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်များက ဖတ်ကြားတင်သွင်းကြပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၈၃)၊ နည်းဥပဒေခွဲ(ဂ)နှင့်အညီ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်းအစား ဗိုလ်မှူးချုပ် သန်းထွတ်သိန်းကို အစားထိုးဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန်ပညာပေးနှိုးဆော်ချက်

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ဖြင့် ပြည့်ဝနေသော ငါးထီးကြီးများနှင့် ဥများဖြင့်ပြည့်ဝနေသော ငါးမကြီးများသည် ဥချရန်နေရာရှာဖွေ ငါးရစ်တက်ကြပါသည်။ ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံးဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် ငါးမျိုးပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ရန်အတွက် လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊ ဘတ်ထရီရှော့တိုက် (ကျင်စက်)ငါးဖမ်းနည်းဖြင့် ငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက “ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ(၄၅)” အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

“ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမတုံး”
ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၆-၂၀၁၄ (အင်္ဂါနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၅၀	ကြေးမုံရိပ်သွင်တေးနုယဉ်
၇း၂၀	ပြည်သူတို့ရဲ့ စကားသံများ
၁၀း၁၅	“၂၀၁၄ ကမ္ဘာ့ဖလား မိတ်ဆက်”(အင်္ဂလန်)
၁၁း၀၀	“တိုးတက်ခေတ်မီ ကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှုမီဒီယာသစ်ဆီသို့” (ကယားပြည်နယ်)
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း “ထိချက်ကပြင်းလွန်းတယ်” (ခန့်စည်သူ၊ ပြေဇင်၊ ခိုင်နှင်းဝေ၊ မိုးဟေကို)(ဒါရိုက်တာ-ဒေါန)
၂း၁၅	“ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု”
၃း၁၅	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၄း၁၅	“အော်ဂဲနစ်သုံးသီးနှံများ စက်စက်ယိုစိုက်ခင်းလွန်ထူးခြား”
၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ၊ ပထမနှစ် (အိမ်တွင်းစီးပွား အထူးပြု) (အိမ်တွင်းစီးပွား)
၆း၂၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ-ကျော်ဇောလင်း)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅	“မျက်မှောက်ရေးရာအဖြာဖြာ”
၉း၃၀	ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်“စိတ်၏ကကြိုး” (သီဟတင်စိုး၊ ဇော်မှိုင်း၊ အိန္ဒြာမိုးမြင့်) (ဒါရိုက်တာ-ဇော်မင်းပိုက် (SM))

တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ဥပဒေကြမ်းပူးပေါင်းကော်မတီ
တည်ဆဲဥပဒေများအနက်မှ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့်
အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများနှင့်လည်းကောင်း ညီညွတ်မှုရှိ၊ မရှိစိစစ်၍ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

လုပ်ငန်းဆောင်ရွက်ချက်များ

၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းစတင်သည့် ကာလမတိုင်မီ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေပေါင်း ၄၀၁ ခုရှိကြောင်း သိရှိရပါသည်။ ဥပဒေပြုလွှတ်တော်များ၊ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့၏ သက်တမ်းသုံးနှစ်တာကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေပေါင်း ၉၈ ခုထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာတွင် အသစ်ပြဋ္ဌာန်းဥပဒေ ၁၈ ခု၊ ပြင်ဆင်သည့်ဥပဒေ ၃၅ ခု၊ ရုပ်သိမ်းသည့်ဥပဒေ ၁၁ခု၊ အစားထိုးပြဋ္ဌာန်းသည့် ဥပဒေ ၂၄ ခုနှင့် စီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်ဆိုင်ရာဥပဒေ ၁၀ ခုတို့ပါဝင်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ အချက်အလက်များအရ ယနေ့အထိ စီမံခန့်ခွဲလျက်ရှိသည့် တည်ဆဲဥပဒေပေါင်း ၄၀၀ ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ နိုင်ငံတော်၏တည်ဆဲဥပဒေများသည် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီမှုရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကော်မတီအသီးသီး၏ လေ့လာစိစစ်မှုစာရင်းအရ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းဆောင်ရွက်သင့်သည့် ဥပဒေပေါင်း ၁၃၇ ခုရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းစာရင်းတွင် ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့်သက်ဆိုင်သည့် ဥပဒေ ၁၃၄ ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်သက်ဆိုင်သည့် ဥပဒေနှစ်ခု၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့်သက်ဆိုင်သည့် ဥပဒေ တစ်ခုတို့ပါရှိသည့်အတွက် သက်ဆိုင်ရာစီမံခန့်ခွဲမှုဌာန/အဖွဲ့အစည်းများကလည်း တိုက်ဆိုင်စိစစ်ပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ၁၁-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၂၁/၄၅၃(၁၆-ပထစ)/အဖရ(၂၀၀၄) ဖြင့်သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများသို့ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အစားထိုးပြဋ္ဌာန်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းဆောင်ရွက်သင့်သော ဥပဒေများကို စာရင်းခွဲခြားပြုစု၍ ဦးစားပေးအလိုက် အကျိုးအကြောင်းဖော်ပြချက်ဖြင့် ဆောလျင်စွာပေးပို့ပါရန်နှင့် ကျန်ဥပဒေများကို အမြန်ပြုစုပေးပို့ရန် ဆက်လက်အကြောင်းကြားဆောင်ရွက်ခဲ့ပါသည်။

၅။ ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် လွှတ်တော်ရုံးခွဲ(ရန်ကုန်) ၌ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက် အသစ်ရေးဆွဲသင့်သောဥပဒေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက ဦးစီး၍ လွှတ်တော်နှစ်ရပ်မှ ကော်မတီ၊ ကော်မရှင်များနှင့်ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် လုပ်ငန်းများအတွက် ဥပဒေပြုလွှတ်တော်များ၊ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့တို့ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်သမ္မတက သတ်မှတ်ပေးသည့်ရက်တွင်ကျင်းပပြုလုပ်လိုပါသဖြင့် စီမံဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

၆။ အဆိုပါ အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်ဘက်မှ အဆင်ပြေညီညွတ်သည့်အချိန်တွင် ကျင်းပပြုလုပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယက ဦးစီး၍ မေ ၁၄ ရက် နံနက် ၈ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိခန်းမတွင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

၇။ ထိုအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ပြည်ထောင်စုဝန်ကြီး ငါးဦး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီး ၁၈ ဦး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် လွှတ်တော်ကော်မတီ၊ ကော်မရှင်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြပြီး အောက်ပါရည်ရွယ်ချက်များကို အခြေခံ၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်-

(က) မိမိတို့နိုင်ငံက လက်ခံထားသည့် နိုင်ငံတကာ စာချုပ်များနှင့် သဘောတူညီချက်များနှင့်အညီ တည်ဆဲဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရန်၊
(ခ) ပြည်ပရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပေးသည့်ဥပဒေများ အမြန်ပြဋ္ဌာန်းပေးရန်၊
(ဂ) ပြောင်းလဲလာသည့် ခေတ်စနစ်အရဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရေးအတွက် လိုအပ်သည့် ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းဖြင့် ပြည့်စုံမှန်ကန်မှုရှိသော ဥပဒေများ ဖြစ်လာစေရန်။

၈။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဌာနအဖွဲ့အစည်းအသီးသီးက စီမံခန့်ခွဲလျက်ရှိသောတည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတို့က တင်ပြကြပြီး ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်များမှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၉။ အဆိုပါ ဆွေးနွေးညှိနှိုင်းချက်များအရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ဌာနများအလိုက် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် ဥပဒေများစာရင်းကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းအလိုက် ထပ်မံစိစစ်၍ ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ရန် ဆုံးဖြတ်ခဲ့ကြပြီး ပြည်ထောင်စု လွှတ်တော်နာယကအနေဖြင့်လည်း နိုင်ငံတော်သမ္မတထံသို့ ဥပဒေပြုရေးဆိုင်ရာ အစည်းအဝေးကျင်းပမှုအခြေအနေကို လတ်တလော ညှိနှိုင်းဆွေးနွေးမှုအရ ဆောင်ရွက်ရမည့်ဥပဒေ ၁၂၉ ခု စာရင်းနှင့်အတူ ပေးပို့ခဲ့ပါသည်။

၁၀။ အထက်ပါအတိုင်း အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/၄၃၇(၁၆-ပထစ)/အဖရ(၂၀၁၄)ဖြင့် ပေးပို့ခဲ့သည့် ဥပဒေစာရင်းများကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီး ဥပဒေစာရင်းများ၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်ဆဲဥပဒေကြမ်းစာရင်းများနှင့် တိုက်ဆိုင်စိစစ်ခဲ့ရာ ဌာန/အဖွဲ့အစည်း ၂၇ ခုတွင် လက်ရှိဆက်လက်ဆောင်ရွက်ရန်ရှိသည့် ဥပဒေများစာရင်းကို အောက်ပါအတိုင်း တွေ့ရှိရပါသည် (ဥပဒေစာရင်းချုပ်ပူးတွဲထားပါသည်။)-

(က)	ရုပ်သိမ်းရန်ဥပဒေ	၉ ခု၊
(ခ)	ပြင်ဆင်ရန် ဥပဒေ	၆၇ ခု၊
(ဂ)	ရုပ်သိမ်း၍ အသစ်ရေးဆွဲရန် ဥပဒေ	၄၁ ခု၊
(ဃ)	အသစ်ရေးဆွဲရန် ဥပဒေ	၁၉ ခု၊
	စုစုပေါင်း ဆောင်ရွက်ရန် ဥပဒေ	၁၃၆ ခု။

ကော်မတီ၏ အကြံပြုသုံးသပ်ချက်

၁၁။ သို့ပါ၍ အထက်ပါဆောင်ရွက်ရန် ဥပဒေများကို စီမံခန့်ခွဲလျက်ရှိသော သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများက ပြင်ဆင်သင့်သည့် ဥပဒေကြမ်း၊ ရုပ်သိမ်းသင့်သည့် ဥပဒေကြမ်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် ကာလသတ်မှတ်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်သွင်းကြစေရေးနှင့် ဥပဒေကြမ်းများကို ကျန်ရှိသည့်လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်အသီးသီးတွင်ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် အစီရင်ခံစာတင်ပြချက်ကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ

ရက်စွဲ။ ၃၀-၅-၂၀၁၄

ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများမှ ရုပ်သိမ်းရန်၊ ပြန်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဥပဒေများစာရင်း

၃၀-၅-၂၀၁၄

စဉ်	ဝန်ကြီးဌာန	ရုပ်သိမ်းရန်	ပြင်ဆင်ရန်	ရုပ်သိမ်း၍ အသစ်ရေးဆွဲရန်	အသစ်ရေးဆွဲရန်	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇
၁။	ပြည်ထဲရေးဝန်ကြီးဌာန	၂	၁၀	၁	-	၁၃
၂။	ကာကွယ်ရေးဝန်ကြီးဌာန	-	၁	၁	-	၂
၃။	နယ်စပ်ရေးဝန်ကြီးဌာန	-	၁	-	-	၁
၄။	နိုင်ငံခြားရေးဝန်ကြီးဌာန	-	၂	-	၁	၃
၅။	ပြန်ကြားရေးဝန်ကြီးဌာန	-	-	၁	၂	၃
၆။	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	-	၇	-	၄	၁၁
၇။	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန	-	၁	၂	-	၃
၈။	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန	-	-	၂	-	၂
၉။	ပို့ဆောင်ရေးဝန်ကြီးဌာန	၂	၉	-	-	၁၁
၁၀။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	-	၂	-	-	၂
၁၁။	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	-	-	၂	-	၂
၁၂။	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	-	-	၂	-	၂
၁၃။	စက်မှုဝန်ကြီးဌာန	-	၂	၂	-	၄
၁၄။	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၁	-	-	-	၁
၁၅။	အားကစားဝန်ကြီးဌာန	-	-	-	၁	၁
၁၆။	ပညာရေးဝန်ကြီးဌာန	-	၂	၅	-	၇
၁၇။	ကျန်းမာရေးဝန်ကြီးဌာန	-	၁၂	၂	၁	၁၅
၁၈။	ယဉ်ကျေးမှုဝန်ကြီးဌာန	-	၂	၂	၂	၆
၁၉။	ဘဏ္ဍာရေးဝန်ကြီးဌာန	၄	၃	-	-	၇
၂၀။	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	-	၅	၂	-	၇
၂၁။	ဆောက်လုပ်ရေးဝန်ကြီးဌာန	-	၁	၁	၃	၅
၂၂။	အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန	-	၄	၆	၂	၁၂
၂၃။	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	-	၂	၂	-	၄
၂၄။	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန	-	၁	၁	၂	၄
၂၅။	သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန	-	-	၆	-	၆
၂၆။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	-	-	၁	-	၁
၂၇။	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	-	-	-	၁	၁
	စုစုပေါင်း	၉	၆၇	၄၁	၁၉	၁၃၆

(ဆက်လက်ဖော်ပြပါမည်)

မြိုင်မြို့နယ် ကန်ကြီးတောရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မြိုင် ဇွန် ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ကန်ကြီးတောကျေးရွာ (၁) ၌ မေ ၂၉ ရက် နံနက် ၈ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် "ဆုံဆည်းရာ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

အဆိုပါ စာကြည့်တိုက်မှာ ကန်ကြီးတောရွာ ဦးလှကွန့်-ဒေါ်အေးမြင့်တို့က လှူဒါန်းသော မြေပေါ်တွင် အလျားပေ ၃၀၊ အနံ ၂၀ ပေ အုတ်ပတ်ကား သွပ်မိုးသမံတလင်းအခြောခင်းဖြစ်ပြီး ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းကြောင်းသိရသည်။ **စိန်မြိုင်(မြိုင်)**

မွန်ပြည်နယ်တွင် မေ ၂၇ ရက်မှစ၍ လျှပ်စစ်ဓာတ်အားများ ၂၄နာရီ စတင်ပေးနိုင်ပြီ

နေပြည်တော် ဇွန် ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု ပထမအဆင့် တည်ဆောက်ပြီးစီးခဲ့သည့် မွန်ပြည်နယ် မော်လမြိုင်မြို့ 230 MW သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင် Myanmar Lighting (IPP) Co., Ltd. တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး မွန်ပြည်နယ်တစ်ခုလုံးနှင့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများတွင် ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ဓာတ်အားပေးစက်ရုံမှ ပထမအဆင့်တွင်ရှိသည့် 43.5 MW ကို မေ ၂၇ ရက်မှစ၍ မွန်ပြည်နယ်အတွင်း စတင်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားများကို ယခင်က ပဲခူးမှတစ်ဆင့် မဟာဓာတ်အားလိုင်းဖြင့် ဖြန့်ဖြူးပို့ဆောင်ပေးခြင်းဖြစ်ပြီး ဗို့အားကျဆင်းမှုများ၊ ဓာတ်အားမလုံလောက်မှုများကြောင့် ပြည်နယ်အတွင်း စက်မှုလက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် တိုးတက်မှုနှေးကွေးခဲ့ရသည်။ သို့သော် ယခုအခါ မော်လမြိုင်မြို့အတွင်း 230 MW သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး ပထမအဆင့်တွင် 43. 5 MW ကို ၂၄ နာရီ စတင်ဓာတ်အားဖြန့်ဖြူးပေးနေကြောင်း၊ ဒီဇင်ဘာလတွင် နောက်ထပ် 54 .5 MW ထပ်မံထုတ်လုပ်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် 230 MW အပြည့် ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇွန် ၁ ရက်တွင် မော်လမြိုင်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုအကောင်အထည်ဖော်တည်ဆောက်နေသော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံသည် ပထမအဆင့် 43 .5 MW၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် 54 . 5 MW နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ထွက်ရှိမည့် 132 MW စုစုပေါင်း 230 MW ကို ရေး၊ ချောင်းဆုံမြို့များအပါအဝင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့် ပိုလျှံသောဓာတ်အားများကို ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန်လည်း မှာကြားခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မော်လမြိုင်မှ ရေးမြို့သို့ 230 KV ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ မော်လမြိုင်မြို့မှ ချောင်းဆုံမြို့အထိ 66 KV ဓာတ်အားလိုင်းများတည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပိုလျှံသော လျှပ်စစ်ဓာတ်အားများကို ကရင်ပြည်နယ်သို့ ဓာတ်အားလိုင်းများမှတစ်ဆင့် ဖြန့်ဖြူးပေး၍ ကရင်ပြည်နယ်တစ်ခုလုံး ဓာတ်အားပြည့်ဝစွာရရှိရေး ကရင်ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းနှင့် အလုပ်ရုံများတွင် ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ရေးမြို့မှတစ်ဆင့် ထားဝယ်အထိ ဓာတ်အားလိုင်းများတည်ဆောက်ပြီး တနင်္သာရီတိုင်းဒေသကြီးသို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဓာတ်အားများ အပြည့်အဝဖြန့်ဖြူးရေးများ ဆောင်ရွက်လျက်ရှိသဖြင့် မွန်ပြည်နယ်တွင်သာမက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မကြာမီကာလအတွင်း ဓာတ်အားများပြည့်ဝစွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၄ တတိယပွဲစဉ် (မန္တလေး)တွင် ကျင်းပမည်

ရန်ကုန် ဇွန် ၂

မြန်မာဂေါက်သီး အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီး ပညာရှင်များအသင်း (Myanmar PGA) တို့က ကြီးမှူး၍ မြဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို ၂၀၁၄ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Hindicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအမျိုးသမီးဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးကျပ်နှစ်သောင်းနှင့်အတူ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ်တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားများအတွက် လူဦးရေကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲကို ဇွန် ၁၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ရွှေမန်းတောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ရန်ကုန်မြို့တွင် ကျင်းပပြီးသော ပြိုင်ပွဲတွင် အဆင့်(၁)မှ (၂၀) အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲကို ယှဉ်ပြိုင်ရန်မလိုပါ။) ပြိုင်ပွဲဝင်များ သွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဇွန် ၁၆ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

(ဖိုးသော်ဇင်)

မြန်မာ နိုင်ငံ တစ်ဝန်း အခြေခံပညာ ကျောင်းများ စတင် ဖွင့်လှစ် သည့် ဇွန် ၂ ရက် နံနက်က ရန်ကုန် မြို့ တာမွေမြို့ နယ် အ မ က (၇) ၌ ကျောင်း သား ကျောင်းသူများ ပျော် ရွှင် စွာ ကျောင်း စတင် တက်နေသည်ကို တွေ့ရစဉ်။
(ကြေးမုံ)

မြို့ပတ်ရထားက မီးပွိုင့်မီးနီ၍ ရပ်နေသောရထား၏ နောက်တွဲအား ဝင်ရောက်တိုက်မိ

ရန်ကုန် ဇွန် ၂

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်အတွင်း ယနေ့မွန်းလွဲပိုင်းအချိန်က မီးပွိုင့်မီးနီ၍ ရပ်နေသော ရထား၏နောက်တွဲအား မြို့ပတ်ရထားက ဝင်ရောက်တိုက်မိခဲ့သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဘူတာနှင့် မလွှကုန်းဘူတာကြားရှိ မိုင်တိုင်အမှတ် AA-102၊ မီးပွိုင့်အမှတ် A-95 တွင် မီးပွိုင့်မီးနီ၍ရပ်နေသော စက်ခေါင်းအမှတ် RBE-2540 (အင်ကြင်း-၂) သီလဝါ- ရန်ကုန်ရထား၏နောက်တွဲအား ရွာသာကြီးဘက်မှ ရန်ကုန်သို့မောင်းနှင်လာသော စက်ခေါင်းအမှတ် DD-918 (မင်းသား-၇) မြို့ပတ်ရထားက တိုက်မိခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်မိမှုကြောင့် အင်ကြင်း-၂ ရထားပေါ်ပါခရီးသည်အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦးနှင့် မင်းသား-၇ မြို့ပတ်ရထားစက်ခေါင်းမောင်းသူတို့တွင် ပေါက်ပြဲနာကျင်ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်းသိရပြီး အဆိုပါ ရထားနှစ်စင်းတိုက်မိမှုကြောင့် ရထားတွဲများလမ်းချော်သွားခဲ့သဖြင့် တာဝန်ရှိသူများ ရောက်ရှိပြီး စစ်ဆေးပြုပြင်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

ကျောင်းဖွင့်ရက်တွင် ပညာရေးဝန်ထမ်းယာဉ်တိုက်ခံရ၍ သေဆုံး

တာချီလိတ် ဇွန် ၂

ဇွန် ၂ ရက်သည် မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည့် မင်္ဂလာနေ့ရက်ဖြစ်သော်လည်း မော်တော်ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ကာ အနာဂတ်၏ အားမာန် လူငယ်လေးများအား မွေးထုတ်ပေးမည့် ပညာရေးဝန်ထမ်း တစ်ဦးသေဆုံးခဲ့ရမှုတစ်ခု တာချီလိတ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသော ဒေါ်အေးသီတာထွန်းသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူစာရင်းနှင့် တာဝန်ထမ်းဆောင်မှုအား မြို့နယ်ပညာရေးမှူးရုံးသို့ လာရောက်သတင်းပို့ပြီး မိမိတာဝန်ကျရာယန်းခမ်းကျေးရွာသို့ မူလတန်းပြ ဆရာမ ဒေါ်သန္တာဝင်း မောင်းနှင်လာသည့် Honda Wave အမျိုးအစား မော်တော်ဆိုင်ကယ်နောက်မှ ထိုင်ကာ ပြန်လာစဉ် တာချီလိတ်-ကျိုင်းတုံကားလမ်း ဆန်စက်ပေါက်အနီး အရောက်တွင် ဆိုင်ကယ်မောင်းနှင်သူ ဒေါ်သန္တာဝင်းသည် ရှေ့မှ သွားနေသော ခရီးသည်တင်လိုင်းကားအား ကျော်တက်စဉ် အရှိန်လွန်ကာ တစ်ဖက် ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ပါဂျဲရိုးယာဉ်၏ ဝဲဘက်ဘန်ဘာအား တိုက်မိကာ ဆိုင်ကယ်တိမ်းမှောက်သွားခဲ့သည်။

ထိုသို့ ယာဉ်တိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဒေါ်သန္တာဝင်းမှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း နောက်မှ လိုက်လာသည့် ဒေါ်အေးသီတာထွန်း အသက် (၃၄) နှစ်မှာ ဦးခေါင်း၊ နောက်စေ့ပေါက်ပြဲဒဏ်ရာရရှိ သွားသည့်အတွက် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိစဉ် မွန်းလွဲပိုင်းတွင် ရရှိသော ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဒေါ်သန္တာဝင်းအား သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောင်ဖြိုးရှိန်)

■

စာပေမြင့်မှ လူမျိုးတင့်မည်

မြိတ်ဒေသထွက်ငှက်သိုက်များ တစ်ကျပ်သားလျှင် ကျပ်တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းအထိ ဈေးနှုန်းရရှိ

မြိတ် ဇွန် ၂

မြိတ်ဒေသတွင် လွန်ခဲ့သောနှစ် ၃၀ ခန့်မှစ၍ သဘာဝငှက်သိုက်လုပ်ငန်းကို စတင်လုပ်ကိုင်လာခဲ့ရာမှ ယခုအခါ သဘာဝငှက်သိုက်အပြင် ငှက်အသံတုပြုလုပ်သည့် စက်များဖြင့်ငှက်ခေါ်ကာ ငှက်သိုက်လုပ်ငန်းကို လုပ်ကိုင်မှုများရှိလာခဲ့သည်။

အဆိုပါ ဇီဝဖိုးငှက်များ၏ အန်ဖတ်ဖြစ်သော ငှက်သိုက်ကို ရေဖြင့် နှစ်နာရီခန့်စိမ်ပြီး ပွလာလျှင် ငှက်အမွေးများနှင့် အညစ်အကြေးများကို ဖယ်ရှားရသည်။ ပြီးလျှင် သန့်စင်ပြီးသားငှက်သိုက်ကို ကြွေခွက်ထဲထည့်၊ ရေအနေတော်ထည့်၍ ပေါင်းအိုးနှင့် မိနစ် ၂၀ ခန့်ပေါင်းပြီး ရေဆူလျှင် သကြားကျောက်အနည်းငယ်ထုချေထည့်ပြီး ငါးမိနစ်ခန့် ဆက်ပေါင်းပေးရသည်။ ထို့နောက် အအေးခံပြီးလျှင် အသင့်စားသုံးနိုင်ပြီဖြစ်သည်။

ငှက်သိုက်ပေါင်းရည်အား ညတစ်ရေးနိုးမှသောက်လျှင် ပို၍အားအင်ပြည့်ဝစေပြီး အသက်ကြီးသူများ၊ လူမမာများနှင့် ကလေးသူငယ်များအတွက် ကောင်းမွန်သော အားဆေးတစ်မျိုးဖြစ်သဖြင့် ငှက်သိုက်သည် လူသိများပြီး ဈေးကွက်ဝင်လျက်ရှိရာ ယခုအခါ အတန်းအစားအပေါ်လိုက်၍ ငှက်သိုက် တစ်ကျပ်သားလျှင် ငွေကျပ်တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းခန့်အထိ ဈေးနှုန်းရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

■

မိုးဖွဲဖွဲကြားက ကျောင်းဖွင့်ချိန်

ရန်ကုန်မြို့၏ ဇွန်လနံနက်ခင်းတစ်ခုက မိုးသားများဖြင့် အုံ့ဆိုင်းကာ ဖွဲရုံမျှ ကျနေသည့် မိုးစက်ငယ်များကြားမှ အဖြူအစိမ်းတူညီဝတ်စုံများဖြင့် သွားနေကြသည့် ကလေးငယ်များက စာသင်ကျောင်းဆီသို့ပင် ဖြစ်သည်။

ထိုမြင်ကွင်းသည်ကား ဇွန် ၂ ရက် နံနက်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းများစဖွင့်သည့်ရက်ပင်ဖြစ်သည်။ ကျောင်းလွယ်အိတ်၊ ထမင်းဘူး၊ ရေဘူး စုံလင်အောင်ပြင်ဆင်ပေးရသော ကျောင်းသား ကျောင်းသူတို့၏ မိဘဖြစ်သူတို့က ဗျာများနေရသလို "တာဝန်"ဟူသော အနီရောင်လက်ပတ် ပတ်ထားသည့် ဆရာ ဆရာမများကလည်း မိမိကျောင်းက ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ ပညာသင်ယူနိုင်စေရေးတို့အတွက် ကျောင်းအဝင်ဝများတွင် အလုပ်ရှုပ်နေကြရသည်။ ထိုအခြေအနေမြင်ကွင်းသည်ကား ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းအများစုတွင် ကျောင်းဖွင့်ချိန်၌ မြင်ရသည့်မြင်ကွင်းများပင်ဖြစ်သည်။

ယခု ပညာသင်နှစ်တွင် မူလတန်းနှင့်အလယ်တန်း ပညာသင်ယူသော ကျောင်းသား ကျောင်းသူများကို အခမဲ့ပညာရေးစနစ်အဖြစ် နိုင်ငံတော်က စေတနာထား၍ ဆောင်ရွက်ပေးခြင်းကြောင့်လည်း ငွေကြေးချို့တဲ့ကာ ကျောင်းအပ်ရန် ခက်ခဲသော မိဘများအဖို့ အသက်ရှူချောင်ခဲ့ရသည်။ ထို့အပြင် ဖတ်စာအုပ်များနှင့် ဗလာစာအုပ်များ အခမဲ့ပေးခြင်းတို့အပြင် စာရေးကိရိယာများ ဝယ်ယူနိုင်မည့် ငွေကျပ် ၁၀၀၀ ကျပ်နှုန်းစီ ရရှိခြင်းကလည်း ကျောင်းဖွင့်ချိန်ကာလအတွင်း လိုလေသေးမရှိ ပညာသင်ယူနိုင်မည့် စိတ်ခွန်အားများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ကြားမှုနှင့် ပတ်သက်၍ နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးမြှင့်တင်လုပ်ဆောင်နေသလို ကျောင်းသား ကျောင်းသူတို့၏ မိဘများကလည်း ပညာရေးကို အလေးပေးသည့် သူများလာခဲ့ကာ အနာဂတ်ကာလ အလားအလာကောင်းများပင်ဖြစ်သည်။

"ကျောင်းထဲမှာ စာသင်ခန်းကို ရှာမတွေ့မှာတော့ မစိုးရိမ်ရဘူး၊ ဘယ်အတန်းကလဲဆိုတာ မေးပြီး ကိုယ့်အတန်းကိုယ်ရောက်အောင် ဆရာ ဆရာမတွေက စောင့်ကြပ်ပြီးလမ်းညွှန်ပြပေးတာတွေ၊ ပို့ဆောင်ပေးတာတွေကြောင့် မိဘတွေအနေနဲ့ စိုးရိမ်စရာ မလိုဘူး"ဟု ရန်ကုန်အခြေစိုက် အခြေခံပညာကျောင်းတစ်ကျောင်း၏ ဆရာမတစ်ဦးက ကျောင်းလာပို့သော မိဘများကို ပြောဆိုနေကြောင်း တွေ့ရသည်။

မိမိတို့၏ သားငယ်သမီးငယ်များ ကျောင်းဝင်းအတွင်း ဝင်ရောက်သွားသည့်တိုင်အောင် စာသင်ခန်းသို့ တန်းတန်းမတ်မတ် ရောက်ပါ့မလားဟုဆိုကာ စိုးရိမ်မှုကြီးသည့် မိဘအချို့ကလည်း ကျောင်းရှေ့အပေါက်ဝနားမှာ ငေးကြည့်နေကြသလို မိဘရင်ခွင် နှစ်ရှည်လများနေထိုင်ခဲ့ကာ ယခုနှစ်မှ ကျောင်းစတက်ကြရသော ကလေးငယ်များ၏ ငိုမဲ့မဲ့ ဟန်ပန်ကို ချော့မြှူကာ တာဝန်ကျဆရာ ဆရာမထံ အပ်နှံပြီးသည့်တိုင်အောင် ငိုများ ငိုနေဦးမလားဟူသော အတွေးဖြင့် ကျောင်းပေါက်ဝမှ ရပ်ကြည့်နေသော မိဘများနှင့် စိတ်ပူပန်မှုကြီးကာ အကဲပိုသော မိဘများကလည်း ဖွဲရုံသာ ရွာနေသော မိုးစက်များကြားမှ ကျောင်းခေါင်းလောင်းတီးချိန်အထိ ကျောင်းအနီးတွင် ရစ်သီရစ်သီ ရှိနေကြသည်။

ထိုမြင်ကွင်းမှာ ကျောင်းဖွင့်ချိန် ပညာသင်နှစ် ပထမဆုံးရက်၏ ရန်ကုန်မြို့မှ ကျောင်းအများစုတွင် မြင်ရသော မြင်ကွင်းများလည်း ဖြစ်ပါသည်။

ထက်ခိုင်(စမ်းချောင်း)

ကျောင်းဖွင့်ချိန် ကျောင်းကားများ စည်းကမ်းရှိစွာမောင်းနှင်သင့်

ရန်ကုန် ဇွန် ၂

ဇွန် ၂ ရက်က ရန်ကုန်အပါအဝင် တစ်နိုင်ငံလုံးတွင် စာသင်ကျောင်းများ စတင်ဖွင့်လှစ်ရာ ကျောင်းသွားရန် ပြင်ဆင်နေသော ကျောင်းသား ကျောင်းသူများ ကျောင်းကြို/ပို့ ကားများဖြင့် ရန်ကုန်မြို့တွင်း လမ်းများပေါ်တွင် ယနေ့မှစ၍ မြင်တွေ့လာရာ ကျောင်းကားများ စည်းကမ်းရှိစွာ ပြေးဆွဲခြင်းဖြင့် ကျောင်းကားစီးသည့် ကျောင်းသားများ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်ပါသည်။

မေလအတွင်း စာသင်ကျောင်းများဖြစ်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများတွင် ကျောင်းအပ်နှံမှုများရှိရာ နာမည်ကြီးကျောင်းများရှေ့တွင် ကျောင်းကြို/ပို့ ကားများ ဗီနိုင်းစာတမ်း၊ လက်ကမ်းကြော်ငြာများဖြင့် ကျောင်းကားစီးမည့် ကျောင်းသားဦးရေ ပြည့်မီရေး လုပ်ဆောင်နေသည်ကို မြင်တွေ့ရသည်ဟု ကျောင်းအပ်နှံသည့် မိဘတစ်ဦးက ဆိုသည်။

ခရီးနီးသော ကျောင်းများတွင် ကျောင်းကားလခ ကျပ် ၁၂၀၀၀-၁၄၀၀၀၊ ခရီးဝေးသော ကျောင်းများတွင် ကျောင်းကားလခ ကျပ် ၁၈၀၀၀-၂၀၀၀၀ ထိ ပေးရကြောင်း၊ နှစ်စဉ် မိမိ၏ ကျောင်းကားစီးနေသော ကျောင်းသားများကို အထူးလျှော့ဈေးပေးကြောင်း၊ မူလတန်းအဆင့်မှစတင်၍ မိမိ၏ကျောင်းကားစီးနေသော ကျောင်းသား ဆယ်တန်းရောက်ချိန်တွင် ဆယ်တန်းကျောင်းတက်သည့်နှစ်အတွက် အခမဲ့ စီးနင်းခွင့်ပြုသည်ဟု ကျောင်းကားပိုင်ရှင်တစ်ဦးကပြောကြောင်း ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

နိုင်ငံတကာတွင် အဝါရောင်ဘတ်စ်ကားများကို ကျောင်းကားအဖြစ် အသုံးပြုပြီး School Bus ဆိုသော ထင်ရှားသည့် ဖျက်သိမ်းခံရသော အုတ်ခုံမှာ တစ်ခုတည်းပြုလုပ်ခြင်းဖြစ်ပြီး ယာဉ်ရပ်နားမှုကို မထိခိုက်စေကြောင်း၊ ယနေ့ထိ မြင်တွေ့နေရသော အုတ်ခုံကြီးငယ် စုစုပေါင်းလေးခုကို တစ်နေရာတည်းတွင် ပြုလုပ်ထားခြင်းကြောင့် လမ်းဘေးရပ်လိုသော ယာဉ်သည် လမ်းပေါ်တွင် အလျားလိုက် ရပ်နေရကြောင်း ယင်းနေရာတွင် သွားလာဖြတ်သန်းနေသူတစ်ဦးက ဆိုသည်။

မဟာဗန္ဓုလလမ်းဘေး သစ်ပင်အုတ်ခုံအကာအရံများ ပြုလုပ်ခြင်းကို မြို့နယ်တစ်မြို့တည်းတွင် တစ်နေရာတွင်သာ ခွင့်မပြု၊ တားမြစ်ဖျက်သိမ်းခံရသော်လည်း မနီးမဝေးနေရာတွင် အများအပြားပြုလုပ်ခြင်းကို ယနေ့တိုင်မြင်တွေ့ရသည့်အတွက် အရေးယူဆောင်ရွက်မှု တစ်ပြေးညီဖြစ်စေလိုကြောင်း ဖျက်သိမ်းခံအုတ်ခုံပြုလုပ်သည့် လမ်းသူလမ်းသားတစ်ဦးက ဆိုသည်။

(မောင်စေအောင်)

ကျောင်းသုံးစာအုပ်များ တင်ဆောင်လာသည့်ကား တိမ်းမှောက်

သပိတ်ကျင်း ဇွန် ၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့အဝင် မိုင်တိုင်အမှတ်(၁/၄) နှင့်(၁/၅) အကြားတွင် ဇွန် ၁ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့သို့ မောင်းနှင်လာသော ပညာရေးဌာနသို့ ပို့ဆောင်မည့် စာအုပ်ထုပ်များ တင်ဆောင်လာသည့် ယာဉ်မောင်း ဦးခင်မောင်ရီ (ဦးထွန်းခင်) မောင်းနှင်လာသော တီအီးအစိမ်းရောင်ယာဉ်သည် သပိတ်ကျင်းမြို့အဝင်တွင် စက်ချွတ်ယွင်းတိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါလာသည့် ပညာရေးဝန်ထမ်းများနှင့် ကူညီစောင့်ရှောက်ရန် လိုက်ပါလာသူ ယာဉ်မောင်းအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာအနည်းငယ်စီ(မစိုးရိမ်ရ) ရရှိကာ သပိတ်ကျင်းမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင် တင်ဆောင်လာသည့် စာအုပ်ထုပ်များ မပျောက်ပျက်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြို့ပေါ်ရှိလူမှုရေးအသင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်သိပြည်သူများက မြို့ပေါ်ပြေးဆွဲနေသော လိုင်းကားများကို အကူအညီရယူကာ မြို့နယ်ပညာရေးမှူးရုံးသို့ ဝိုင်းဝန်းပို့ဆောင်ပေးခဲ့သဖြင့် စာအုပ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား
၁။	၆"-၉" [illegible]ကျောက်ကြီး
၂။	၆"-၉" [illegible]ကျောက်ကြီး
၃။	၆"-၉" [illegible]ကျောက်
၄။	၁"-၂" ခွဲကျောက်(မန္တလေး)
၅။	¾" - ¼" Chipping (မန္တလေး)
၆။	½" - ½" Chipping (မန္တလေး)
၇။	ကျောက်စရစ်
၈။	မြစ်သဲ

တင်ဒါပုံစံရောင်းချမည့်ရက် ၄.၆.၂၀၁၄ ရက်။
တင်ဒါပိတ်မည့်ရက်/အချိန် ၁၆.၆.၂၀၁၄ ရက်၊ နေ့လည် (၁၂:၀၀) နာရီ။
တင်ဒါဖွင့်မည့်ရက်/အချိန် ၁၆.၆.၂၀၁၄ ရက်၊ ညနေ (၁၃:၀၀) နာရီ။
တင်ဒါဖွင့်မည့်နေရာ ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မအူပင်မြို့။

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း ၀၄၅-၃၀၁၄၆၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်-[illegible] လမ်း၊ လုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား
၁။	၆"-၉" [illegible]ကျောက်ကြီး
၂။	၁"-၂" ခွဲကျောက်(မန္တလေး)
၃။	¾" ကျောက်ခဲသေး(မန္တလေး)
၄။	⅜" ကျောက်ခဲသေး(မန္တလေး)
၅။	မြစ်သဲ (သဲကြမ်း) ([illegible])

တင်ဒါပုံစံရောင်းချမည့်ရက် - ၄.၆.၂၀၁၄ ရက်။
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆.၆.၂၀၁၄ ရက်၊ နေ့လည် (၁၂:၀၀) နာရီ။
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆.၆.၂၀၁၄ ရက်၊ ညနေ (၁၃:၀၀) နာရီ။
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မအူပင်မြို့။

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း ၀၄၅-၃၀၁၄၆၀

ဘတ်စ်ကားချင်းတူသော်လည်း ခရီးသည်အပေါ် စေတနာထားမှုကွဲပြားခြင်း

လှထွန်းအောင် (ရှုပဗေဒ)

စာရေးသူသည် ရန်ကုန်မြို့တွင်းရှိ ကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ရာ နေ့စဉ်နှင့်အမျှ စာရေးသူနေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ရန်ကုန်မြို့တွင်းသို့ ဘတ်စ်ကားအဆင့်ဆင့်စီး၍ ရုံးတက်နေရသူတစ်ဦးဖြစ်သည်။ စာရေးသူနေထိုင်ရာ ရပ်ကွက်မှာ ဗိုလ်မှူးဗထူးလမ်းပေါ်တွင် မေးတင်ထားသော ရပ်ကွက်ဖြစ်၍ မြို့တွင်းသို့သွားရာတွင် ခရီးသွားပြည်သူအများစုမှာ ဒဂုံတက္ကသိုလ်မှ တညင်းကုန်းသို့ပြေးဆွဲသော "၂၀၂" ဘတ်စ်ကားကို အဓိကအားထား၍ စီးနင်းကြပြီး မြောက်ဥက္ကလာအဝိုင်းရောက်ချိန်တွင် ခရီးသည်အများစုမှာ ဆင်းကြပြီး ထိုမှတစ်ဆင့် မြို့တွင်းသို့ ပြောင်းလဲစီးနင်းကြပါသည်။ ထိုနေ့ကား မှတ်မှတ်ရရရုံး စတင်ဖွင့်သည့်ရက် မေ ၂၆ ရက် (တနင်္လာနေ့) ဖြစ်ပါသည်။ မြို့ထဲရှိ ကုမ္ပဏီသို့ ရုံးချိန် ၉ နာရီအချိန် ရောက်ရှိနိုင်ရန် စာရေးသူသည် အိမ်မှ နံနက် ၇ နာရီ ၁၅ မိနစ် ခန့်တွင် ထွက်ခဲ့ပါသည်။ ကျန်းမာရေး မှတ်တိုင်ရောက်ချိန်၌ ဘတ်စ်ကားအလာကို စောင့်နေရာ ၁၀ မိနစ်ခန့် အကြာတွင် "၂၀၂" ဘတ်စ်ကား(ရိုးရိုး)တစ်စီး ဆိုက်ရောက်လာပါသည်။

ရုံးတက်ချိန်အမီ သွားလာကြသဖြင့် ဘတ်စ်ကားမှာ လူအပြည့်ပါလာရာ ရုံးလွယ်အိတ်တစ်ဖက်နှင့် စာရေးသူသည် ရှေ့ခန်းမှလိုက်ခွင့်ရရန် ယာဉ်မောင်းအားမေးမြန်းရာ ၎င်းက လက်ခါပြပါသည်။ သို့ဖြစ်၍ ထုံးစံအတိုင်း အတက် အဆင်း တစ်ပေါက်သာရှိသော ထိုဘတ်စ်ကားပေါ်သို့ တက်ရောက်စီးနင်းလိုက်ပါခဲ့ပါသည်။ များမကြာမီ ကျောင်းကွေ့မှတ်တိုင်အရောက်တွင် ရှေ့ခန်းမှာ ၃၀၀ ဖြင့် လိုက်ပါနိုင်ကြောင်း ယာဉ်မောင်း၏ အော်သံကိုကြားရပါသည်။ ခရီးဝေးသူများမှာ ၁၀၀ ခန့် ပိုသော်လည်း လိုရာခရီးသို့ အချိန်မီသက်သာစွာ ရောက်ရှိရေးအတွက် ခေါင်းခန်းမှ လိုက်ပါစီးနင်းကြပါသည်ကို တွေ့ရသည်။

နာရီဝက်ခန့်အကြာတွင် စာရေးသူလိုက်ပါစီးနင်းလာသော ဘတ်စ်ကားသည် မြောက်ဥက္ကလာအဝိုင်းမှတ်တိုင်သို့ ရောက်ရှိသဖြင့် ထိုမှတ်တိုင်တွင်ဆင်း၍ မြို့တွင်းသို့ "၄၃" အထူးဘတ်စ်ကားဖြင့် စီးနင်းလိုက်ပါခဲ့သည်။ ရုံးတက်ချိန်ဖြစ်၍ "အထူး"ဟုဆိုသော်လည်း ခရီးသည်များ ပြည့်ကျပ်လျက်ရှိပါသည်။ ဤဘတ်စ်ကားမှာ မကြာသောကာလကမှ ကိုရီးယားနိုင်ငံမှ မြန်မာပြည်သို့ရောက်ရှိလာသည့်ကားဖြစ်သည်။ ဟွန်ဒိုင်းအမျိုးအစားဖြစ်၍ အလယ်တွင် ခရီးသည်အတက်အဆင်းတစ်ပေါက်နှင့် ရှေ့တွင်တစ်ပေါက်ပါရှိသောကားများဖြစ်သည်။ သို့သော် ရှေ့အတက် အဆင်းပေါက်ကိုပိတ်ထားသဖြင့် အလယ်အတက်အဆင်းပေါက်မှသာ ခရီးသည်များ ခက်ခဲစွာ တိုးဝှေ့၍ အတက် အဆင်းပြုကြရပါသည်။ ဤ "အထူး"ဘတ်စ်ကားသည် "အထူး" ဟူသော ဂုဏ်ပုဒ်နှင့်မလိုက်အောင်ပင် လူပြည့်ကျပ်နေသည့်ကြားမှ မှတ်တိုင်တိုင်းနီးပါး ခရီးသည် အတင်အချပြုလျက်ရှိသည်ကို တွေ့ရသည်။ ရုံးတက်ချိန်နောက်ကျမည်စိုး၍ ခရီးသည်အချို့၏ နောက်ကားများ ကျော်တက်သဖြင့် ညည်းညူပြောဆိုကြသည်ကို ကြားရပါသည်။ ခရီးသည်အမျိုးသမီး နှစ်ဦးမှာ စိတ်မရှည်တော့သဖြင့် ကုက္ကိုင်းမှတ်တိုင်အရောက်တွင် နောက်ကားစီးမည်ဟု ပြောဆိုကာ ဆင်းသွားကြပါသည်။ ဤသို့ဖြင့် "၄၃" ဘတ်စ်ကားမှာ ရန်ကုန်မြို့တွင်း ဆူးလေမှတ်တိုင်သို့ ၈ နာရီ ၃၅ မိနစ်ခန့်တွင်ရောက်ရှိပါတော့သည်။ ယာဉ်မောင်းမှာ ခရီးသည်များ၏ပြောဆိုသံကြား၊ မကြားကိုတော့ စာရေးသူမသိပါ။ ဘေးချင်းယှဉ်၍ ရောက်လာသော အခြားကားသမားအချို့နှင့် စကားပြောသည်ကိုတော့ တွေ့ရပါသည်။ စာရေးသူမှာ ဆူးလေမှတ်တိုင်တွင်ဆင်း၍ ကုမ္ပဏီရှိရာလမ်း(၅၀)သို့ ကားဆက်စီးရန် မြို့တော်ခန်းမဘက်သို့ သုတ်သုတ်နှင် လာခဲ့ပါသည်။

ဆူးလေမြို့တော်ခန်းမရှေ့မှ ဘတ်စ်ကားစီးရန်အတွက် စောင့်နေစဉ် ယုဇနဥယျာဉ်မြို့တော်သို့သွားမည့် "၅၇" ဘတ်စ်ကားပြာ တစ်စီး ဆိုက်ရောက်လာရာ ရုံးချိန်မီရန်အတွက် စဉ်းစားမနေတော့ဘဲ ထိုကားပေါ်သို့ တက်လိုက်ပါသည်။ ထူးခြားသည်မှာ ဤဘတ်စ်ကားမှာ Air Con ဖွင့်ထားသဖြင့် ယာဉ်ပေါ်တွင် အေးနေပါသည်။ စပယ်ယာဖြစ်သူက လမ်း(၅၀)၊ အိုးရှင်းစူပါမားကက်အထိကားခ ကျပ် ၁၀၀ ဟုခရီးသည်များအားခေါ်နေသဖြင့် လမ်း(၅၀)ထိကားခ ကျပ် ၁၀၀ သာပေးခဲ့ရပါသည်။ ဤ "၅၇"ဘတ်စ်ကားနှင့် "၄၃"ဘတ်စ်ကားတို့မှာ ဟွန်ဒိုင်းအမျိုးအစားဖြစ်ပါသည်။ ကားအမျိုးအစား အတူတူပင်ဖြစ်သော်လည်း ခရီးသည်များအပေါ် စေတနာထားမှုမတူသည်ကို သတိထားမိပါသည်။ "၅၇" ဘတ်စ်ကား အလယ်တက် ဆင်းပေါက်အဖြစ် ရှေ့ခန်းတွင် တက်ဆင်းပေါက်ကိုပါ ဖွင့်ထားသဖြင့် ခရီးသည်များအတက်အဆင်းပြုရာတွင် လွယ်ကူသည်ကို တွေ့ရပြီး Air Con ဖွင့်ထားသဖြင့် ခရီးသည်များအေးအေးချမ်းချမ်းနှင့် လိုက်ပါစီးနင်းကြသည်ကို တွေ့ရပါသည်။ ထိုင်ခုံခင်းကျင်းမှုမပြည့်စုံခြင်း၊ စနစ်မကျခြင်း၊ ယာဉ်စီးခပိုယူခြင်း၊ ခရီးသည်အပေါ် မချေမငံဆက်ဆံခြင်း၊ အလုအယက်မောင်းနှင်၍ ခရီးသည်များအား အတင်းဆွဲတင်ခြင်း၊ ဆွဲချခြင်းစသည့် ကိစ္စများကြောင့် ရန်ကုန်မြို့၏ ဘတ်စ်ကားများအကြောင်း ပြောရလျှင် ပြော၍မကုန်ဖွယ်ရာဖြစ်သည်။ ထိုနေ့က အတွေ့အကြုံအရ "၄၃"အထူးဘတ်စ်ကားမှာ "အထူး"ဟု အမည်တပ်ထားသော်လည်း Air Con ဖွင့်ဖို့နေနေသာသာ ခရီးသည်များ ပြည့်ကျပ်နေသည်ကို အမှုမထားဘဲမိမိငွေရရှိရေးအတွက်သာ အဓိကထားသည်ကို တွေ့ရပါသည်။ "၂၀၂" ဘတ်စ်ကားမှာလည်း ထိုနည်းတူပင်ဖြစ်သည်။ သို့သော် "၅၇" ဘတ်စ်ကားမှာခရီးသည်များအပေါ် စေတနာထားသည်ကို ထိုနေ့က ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါသည်။ ဤနေရာတွင် မြို့တွင်းမှ သာကေတ၊ ယုဇနဥယျာဉ်မြို့တော်သို့ ပြေးဆွဲသည့် ကားဖြစ်၍ ခရီးသည်လိုက်ပါမှုများစေရန် ဤဝန်ဆောင်မှုပေးသည်ဟု ဆိုဖွယ်ရာရှိပါသည်။ သို့သော် ပူအိုက်လှသောရာသီဥတု၌ ခရီးသည်ပြည့်ကျပ်နေသည့် ဘတ်စ်ကားများမှ ယာဉ်မောင်းတိုင်း ထိုသို့ဝန်ဆောင်မှုပေးသည်ကို ကြုံတွေ့ခဲလှသည်။ Air Con ဖွင့်ခြင်း၊ ခရီးသည်ပြည့်ကျပ်စွာ မတင်ခြင်း စသည်ကဲ့သို့သော ခရီးသည်များ သက်သာချောင်ချိစွာလိုက်ပါနိုင်ရေးအတွက် ဝန်ဆောင်မှုပေးခြင်း၊ မပေးခြင်းမှာ ယာဉ်မောင်းဖြစ်သူ၏ စေတနာပေါ်တွင်မူတည်ပါသည်။ သြော် ဘတ်စ်ကားချင်းတူသော်လည်း ခရီးသည်များအပေါ် စေတနာထားရှိမှုမှာ ကွဲပြားခြားနားသည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့ရှိ ရုံးအဆောက်အအုံများကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၆-၂၀၁၄ရက်မှ ၁-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာများ နောက်ဆုံးလက်ခံမည့်ရက်စွဲ/အချိန် - ၂-၇-၂၀၁၄ ရက်၊ ၁၁း၀၀နာရီ
(ခ) တင်ဒါဖွင့်ဖောက်မည့်ရက်စွဲ/အချိန် - ၂-၇-၂၀၁၄ ရက် ၁၅း၀၀နာရီ
အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို ၉-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၈၀/၈၆)ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ စီမံရေးရာဌာနသို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ကျေးဇူးဆပ်ပါမည်
၃၁-၅-၂၀၁၄ရက် နံနက်ပိုင်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမတွင် အရေးကြီးစာရွက်စာတမ်းများပါ ပိုက်ဆံအိတ်နက် တစ်လုံး မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၂၁၇၉၊ ၀၁-၂၄၃၃၁၂၀၉-၂၅၀၀၆၄၆၀၀၊၀၉-၂၅၀၄၀၄၂၀၃၉

အမည်ပြောင်း
နေပြည်တော် အထက(၁)၊ ဒသမတန်း(S)မှ အဖဦးစိုးထွန်း၏သမီး မထက်ထက်ဆွေ [၉/ဇယသ(နိုင်)၀၀၄၃၄၆]အား ယနေ့မှစ၍ မထက်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မထက်ထက်အောင်

တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာပေးပွဲပြုလုပ်

ရွှေဘို ဇွန် ၂

ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ကျေးရွာနေ တောင်သူကြီးများအား ဇွန် ၁ ရက် နံနက် ၉ နာရီက ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း) ဦးမြင့်ဆွေတို့က စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာ၊ စပါးပင်ဖျက်ပိုးများအတွက် ကာကွယ်တားဆီးရေးများနှင့် ပတ်သက်၍ ဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် တောင်သူ ၁၅၃ ဦးတို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အမေးအဖြေများ ပြုလုပ်ကြကြောင်းကို သိရသည်။ **(ကျော်ဘုန်းကျော်)**

ပျက်စီးသွားသောရထားသံလမ်းများ ပြုပြင်ပြီးစီး၍ ပုသိမ်-ကြံခင်းရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိ

ပုသိမ် ဇွန် ၂

ဟင်္သာတဘူတာနှင့် နတ်မော်ဘူတာအကြား မီးရထားသံလမ်းနှင့် မြို့ပတ်ကားလမ်းဆုံရာ ကုန်းအတက်၌ မေ ၃၀ ရက် နံနက် ၉ နာရီခွဲခန့်က ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ ယာဉ်မောင်း သန်းတင်ဦး (၃၁)နှစ်မောင်းနှင်သော ကုမ္ပဏီပိုင် ၂၂ ဘီးတပ်တွဲ မော်တော်ယာဉ် မောင်းနှင်သွားရာ ရှေ့ဘန်ဘာနှင့် ရထားသံလမ်းများ ပွတ်တိုက်သွားသဖြင့် ရထားသံလမ်း ၃၉ ပေခန့်ကွေးကောက်ပျက်စီးသွားခဲ့သည်။

ထိုအချိန်တွင် ပုသိမ်-ကြံခင်းအဆန် အမြန် ၁၈၁ ရထားသည် ဟင်္သာတဘူတာနှင့် နတ်မော်ဘူတာအကြားသို့ ရောက်ရှိလာသဖြင့် တာဝန်ရှိသူက အမြန်ရထားကို နတ်မော်ဘူတာတွင် ခေတ္တရပ်တန့်စေပြီး ပျက်စီးသွားသော ရထားသံလမ်းများကို ဟင်္သာတဘူတာမှ လုပ်ငန်းအုပ်ကြီး ဦးဝင်းမောင်၊ လမ်းဗိုလ်ကြီး တင်ဇော်ထွေး၊ ဟင်္သာတမြို့မရဲစခန်းမှူး ဒု-ရဲမှူး စန်းနိုင်ထွန်းနှင့် အမှတ်(၂၀)တပ်ဖွဲ့ မီးရထားရဲစခန်းမှတပ်ဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းပြုပြင်ပေးကြသဖြင့် အခင်းဖြစ်ပွားသည်နေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် နတ်မော်ဘူတာ၌ရပ်တန့်နေသော ပုသိမ်-ကြံခင်း အမြန် ၁၈၁ ရထားသည် ထွက်ခွာသွားနိုင်ခဲ့သည့်အပြင် ပုသိမ်-ကြံခင်း မီးရထားလမ်းတစ်လျှောက် နေ့ညမရွေး အန္တရာယ်ကင်းရှင်းစွာသွားနိုင်ကြရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ပြည်သူများ အသက်အန္တရာယ်ဖြစ်စေနိုင်သော မီးရထားသံလမ်းများ ပျက်စီးစေရန် ယာဉ်မဆင်မခြင်မောင်းနှင်သူ သန်းတင်ဦးအား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

ရောင်းမည်
ဘဏ်ဖွင့်ရန်၊ ဆိုင်ဖွင့်ရန်နှင့် စီးပွားရေးလုပ်ရန်နေရာကောင်း၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းမကြီးပေါ်(ဦးချစ်မောင်အိမ်ရာအနီး)၊ ထောင့်ကွက်၊ ပေ(၂၀×၄၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်(သိန်း-၁၁၀၀၀)
ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၄၂၀၁၃၉၁၉

ပြည်သူ့အသံ

ရှေးဟောင်းအဖြူ အမည်း ရုပ်ရှင်ဇာတ်ကားများအား စနေ၊ တနင်္ဂနွေနေ့များတွင် ပြသပေးပါ

ယခုအခါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနသည် MRTV ရုပ်မြင်သံကြား Channal မှတစ်ဆင့် ယခင်ခေတ်ဟောင်းမှ အဖြူ အမည်း ရုပ်ရှင်ဇာတ်ကားဟောင်းများအား ပြန်လည်ပြသပေးနေသည်ကို ဝမ်းမြောက်စွာ တွေ့ရှိရပေသည်။

ဤကဲ့သို့ ဇာတ်ကားအဟောင်းများအား ပြန်လည်ကြည့်ရှုရခြင်းဖြင့် ယခင်ခေတ်မှ ဇာတ်ကားဟောင်းများ၏ ဇာတ်လမ်း၊ ဇာတ်အိမ်ခိုင်ခံ့မှု၊ ကင်မရာအယူအဆ၊ သရုပ်ဆောင်များ၏ အိုင်တင်များကို လေ့လာအကဲဖြတ်နိုင်ကြပါသည်။ ယနေ့ခေတ်နှင့် ကွာခြားချက်များကိုလည်း ခေတ်လူငယ်များ လေ့လာသိရှိစေပါသည်။

ဤကဲ့သို့ ဇာတ်ကားဟောင်းများ ပြန်လည်ပြသသည်ကို ၁၉၉၀ ခုနှစ်က မလေးရှားနိုင်ငံ၌ နေထိုင်စဉ် ကြုံတွေ့ခဲ့ရဖူးပါသည်။ ထိုစဉ်က အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နိုင်ငံပိုင် TVI အစီအစဉ်မှ အဖြူ အမည်း ဇာတ်ကားများအား ပြသခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ရုပ်ရှင်မင်းသားကြီး ခင်မောင်ဇင်တို့နှင့် ခေတ်ပြိုင်ဖြစ်ဟန်တူသော မလေးရှားမင်းသားကြီး P.Ramlee ၏ ဇာတ်ကားများကို ဦးစားပေးပြသသည်ကို တွေ့ရှိရပါသည်။ ဇာတ်လမ်းဇာတ်ကွက်များမှာလည်း မင်းသားကြီး ခင်မောင်ဇင်၏ ဇာတ်ကားများနှင့် ခပ်ဆင်ဆင်ဖြစ်သော ရာဇဝတ်နောက်ခံဇာတ်ကားများ၊ ဝိညာဉ်ပိုင်းဆိုင်ရာ ဇာတ်ကားများ၊ ကိုလိုနီလက်အောက်ခံ ခေတ်သရုပ်ဖော်ဇာတ်ကားများဖြစ်ပြီး ထိုခေတ်ကို သိမီခဲ့သူ မာလာယူလူမျိုးလူကြီးပိုင်းများနှင့် သရုပ်ဆောင်ပညာကို လေ့လာ လိုက်စားသူလူငယ်များ အထူးနှစ်ခြိုက်စွာ ကြည့်ရှုအားပေးခဲ့သည်ကို ပြန်လည်အမှတ်ရမိပါသည်။

ထိုနည်းတူစွာပင် ယခုမြန်မာနိုင်ငံတွင် အဖြူ အမည်း ဇာတ်ကားများပြသသောအခါတွင်လည်း ကြည့်ရှုအားပေးသူအများအပြားရှိကြောင်း သိရှိရပါသည်။ အထူးသဖြင့် မကြာမီကာလက ပြသသွားသော ရုပ်ရှင်မင်းသားကြီး ကျော်ဆွေ၏ မြင်ကွင်းကျယ် ဇာတ်ကားကြီးများ၊ သင်္ကြန်ပိတ်ရက်ကာလများတွင် ပြသလေ့ရှိသော သင်္ကြန်မိုး၊ မောင်တို့ချယ်ရီမြေ စသော ဇာတ်ကားများ၊ တပ်မတော်နေ့ ကာလတစ်ဝိုက်တွင် ပြသလေ့ရှိသော တော်လှန်ရေးဇာတ်ကားများအား အလွန်နှစ်ခြိုက်အားပေးကြသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ အဖြူ အမည်း ရုပ်ရှင်ကားများကို နှစ်ခြိုက်စွာ အားပေးကြသူများတွင် အသက် ၅၀ ကျော်၊ ၆၀ ဝန်းကျင် လူကြီးများပါဝင်သည်ကို တွေ့ရှိရပါသည်။ ထိုသူများအနေဖြင့် ၎င်းတို့ငယ်စဉ်က ထိုဇာတ်ကားများကို ကြည့်ရှုဖူးကြသူများဖြစ်ပြီး ယခုတစ်ဖန် ပြန်လည်ကြည့်ရှုရသောအခါ ငယ်ဖြစ်ဟောင်းများကို အောက်မေ့သတိရပြီး ကျေနပ်နေကြသည်ကို တွေ့ရပါသည်။

သို့ရာတွင် မြန်မာ့ရုပ်မြင်သံကြားမှ ပြန်လည်ပြသသော ရက်များမှာ စနေ၊ တနင်္ဂနွေနေ့များ မဟုတ်ဘဲ ကြားရက်များဖြစ်နေသဖြင့် လုပ်ငန်းလုပ်ကိုင်နေသူအများစုမှာ ကြည့်ရှုခွင့်မရဘဲ ဖြစ်နေပါသည်။ မေ ၂၆ ရက် MRTV မှ ပြသသော မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်ကဏ္ဍမှ တင်ပြချက်အရ စက္ကောမဇာတ်ကားအား ဇွန် ၁၁ ရက်တွင် ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် ထိုရက်နေ့မှာ ရုံးပိတ်ရက်မဟုတ်ဘဲ ကြားရက်ဗုဒ္ဓဟူးနေ့ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ထိုဇာတ်ကားအား ကြည့်ရှုဖူးသူ ရုံးမှအစ်မကြီးတစ်ဦး၏ ပြောကြားချက်အရ ထိုဇာတ်ကား၏ ကင်မရာရိုက်ချက်များမှာ ထူးခြားကောင်းမွန်မှုရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် လုပ်ငန်းခွင်ဝင်နေသူများပါ ကြည့်ရှုနိုင်ရန်အတွက် ခေတ်ဟောင်းအဖြူ အမည်း ဇာတ်ကားများအား စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်နေ့ခင်းများတွင် ပြသပါက ပိုမို၍ အများပြည်သူကြည့်ရှုရန် အဆင်ပြေမည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့ရုပ်မြင်သံကြားမှ ပြသလျက်ရှိသော အဖြူ အမည်း ရုပ်ရှင်ဇာတ်ကားများအား အပတ်စဉ် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်နေ့ခင်းများတွင် ပြသပေးပါရန် တာဝန်ရှိသူများထံ အကြံပြုတင်ပြအပ်ပါသည်။

(လင်းကိုကို)

ဗီလိန်ဇာတ်ရုပ်အဖြစ် ပါဝင်ထားသည့် ဂျိုလီ၏ Maleficent ဇာတ်ကား ဝင်ငွေကောင်းလျက်ရှိ

မျိုးစန္ဒာမောင်

၁၉၅၉ ခုနှစ်က Sleeping Beauty ဇာတ်ကားကို ဟောလိဝုဒ်ငွေကြယ်ပွင့် အိန်ဂျလီနာဂျိုလီက ဗီလိန်ဇာတ်ရုပ်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် Maleficent ဇာတ်ကားကို မေလကုန်ပိုင်းက အမေရိကန်တွင် စတင်ရုံတင်ပြသခဲ့ရာ ပထမဆုံးစတင်ပြသသည့်ရက်သတ္တပတ်မှာပင် ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၇၀ ကျော်ဝင်ငွေရရှိခဲ့ပြီး ပရိသတ်အားပေးမှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Maleficent ဇာတ်ကားတွင် မင်းသမီး Elle Fanning က အော်ရိုရာမင်းသမီးလေးအဖြစ် သရုပ်ဆောင်ထားပြီး ၎င်း၏ငယ်ဘဝအဖြစ် ဂျိုလီ၏သမီးငယ် Vivienne Jolie-Pitt က ပါဝင်အားဖြည့်ထားသည်။

ဂျိုလီသည် ၂၀၁၀ ခုနှစ်က ထွက်ရှိခဲ့သည့် The Tourist ဟာသဒရာမာ ဇာတ်ကားအပြီး ဒစ်စနီ၏ ထူးထူးခြားခြားဇာတ်ကားများတွင် ပါဝင်ခြင်းမရှိတော့သော်လည်း ဒစ်စနီမှ ဂျိုလီအား ရုပ်ရှင်ကြည့်ပရိသတ်များအား ဆွဲဆောင်နိုင်လွန်းသည့်မင်းသမီးအဖြစ် တင်စားခဲ့သည်။

ထွက်ရှိပြီး နှစ်နှစ်ကြာအောင် ယူကျုတွင် ရေပန်းစားလျက်ရှိသည့် Gangnam Style

ထွက်ရှိပြီးချိန်မှာ နှစ်နှစ်ခန့်ရှိသည့်တိုင်အောင် ပရိသတ်များအကြား ရေပန်းစားလျက်ရှိသည့် တောင်ကိုရီးယားပေါ့ပ်ကြယ်ပွင့် Psy ၏ Gangnam Style တေးသီချင်းဗီဒီယိုသည် ကေပေါ့ပ် ဂီတလောကတွင်သာမက ကမ္ဘာ့ဂီတလောကတွင်လည်း ယနေ့ထက်တိုင် လူကြိုက်များလျက်ရှိနေပြီး ယူကျုတွင် ကြည့်ရှုသူပရိသတ်ပေါင်း နှစ်ဘီလီယံခန့်ရှိနေပြီဖြစ်ကြောင်း မေ ၃၀ ရက်က သတင်းထုတ်ပြန်ထားသည်။

ယင်းသီချင်းကို လွန်ခဲ့သည့် ၁၇ လက ယူကျူဝက်ဘ်ဆိုက်ပေါ်သို့ လွှင့်တင်ခဲ့ခြင်းဖြစ်ပြီး "၂ ဘီလီယံဆိုတဲ့အရေအတွက်ဟာ အင်မတန်မှကိုပဲကြီးမားပါတယ်၊ အဲဒီအတွက် အားပေးကြသူအားလုံးကိုလည်း ဂုဏ်ပြုပါတယ်၊ မကြာခင်မှာလည်း ပျော်ရွှင်စရာကောင်းတဲ့တင်ဆက်မှုတွေနဲ့ ပရိသတ်တွေဆီ ပြန်လာဦးမှာပါ"ဟု Psy က အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

ကေပေါ့ပ်ကြယ်ပွင့် Psy ၏ အဆိုပါတေးသီချင်းဗီဒီယိုသည် ကိုရီးယားဂီတလောကတွင်သာမက အမေရိကန်ဂီတလောကတွင်လည်း ထိပ်တန်းသို့ ရောက်ရှိခဲ့ပြီး ဘီလ်ဘုတ်၏ ထိပ်တန်းသီချင်းအပုဒ် ၁၀၀ တွင် နံပါတ် ၂ နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

တောင်ကြီးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို တိကျစွာ လိုက်နာကြရန် သတ်မှတ်ထားပြီး နေ့စဉ် ဖမ်းဆီးစစ်ဆေး၊ အရေးယူမှုများ လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

သို့သော် မြန်မာ့စီးပွားရေးဘဏ်ရှေ့မျက်နှာစာ၌ ယာဉ်မရပ်ရ ဖြူ/နီကျားနေရာတွင် စည်းကမ်းမဲ့ရပ်နားထားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ကို ဇွန် ၂ ရက် မွန်းလွဲပိုင်းက ဤသို့ တွေ့မြင်ခဲ့ရသည်။

(KZLM)

GOLDEN STAR
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) 209200 430480
ဖလွန်(တနင်္ဂနွေ) 544383 703448

အမည်ပြောင်းခြင်း

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော
• 392468 • 095171841

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ပျောက်ဆုံး
မောင်ဇော်မင်းထွန်း နိုင်ငံကူးစာအုပ်အမှတ်(MA၂၄၂၂၃၇)သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း၀၉-၄၂၅၃၆၈၇၈၇၊ ၀၉-၃၁၉၄၄၄၄၅

MYANMAR NEWSWEEK journal

iStock
Galaxy Software Services Co., Ltd
Contact Us ...
Website : www.galaxy.com.mm

Singapore နိုင်ငံသို့လည်ပတ်ရင်း ... မလေးရှားနိုင်ငံ Tioman ကျွန်းသို့ အပန်းဖြေခရီးစဉ်
Fly-Cruise Package (3D/2N)
18 JUN 2014
13 AUG 2014
10 SEP 2014
US$ 799
Fly-Cruise-Land Package (6D/4N)
16 JUL 2014
08 OCT 2014
US$ 1099
100 OFF
GO & GO 09-402709875, 09-5154804
Royal Paramount 09-425033466, 09-425033464
Hloo 01-8603766, 09-73199955
Sri ASIA 09-5185623, 01-211944
Mai Hsoong 01-373776, 09-73117963
Sun Far 09-250093358, 09-250638083
One Best Myanmar 09-402627474, 09-43058119
Thousand Islands 09-5048528, 09-250577561
UA Ticketing & Tours 09-5402525, 09-5402929

ကမ္ဘာ့ဖလားမှာ ဥရောပအသင်းနှင့် တောင်အမေရိကအသင်း ဘယ်သူချန်ပီယံဖြစ်မလဲ

ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကြီးကို ကျင်းပလာခဲ့သည်မှာယခုဆိုလျှင် (၁၉) ကြိမ် ပြီးစီးသွားခဲ့ပြီဖြစ်သည်။ ယခုနှစ် ဘရာဇီးတွင် ကျင်းပမည့် ပြိုင်ပွဲသည် အကြိမ် (၂၀)မြောက် ဖြစ်ပြီး (၁၉) ကြိမ် ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ကမ္ဘာ့ဖလားကြီးကို နိုင်ငံရှစ်နိုင်ငံက ဆွတ်ခူးရရှိခဲ့သည်။ ထိုရှစ်နိုင်ငံကိုကြည့်မည်ဆိုလျှင် ဥရောပနှင့် တောင်အမေရိက ကိုယ်စားပြုနိုင်ငံများသာ ဖြစ်နေသည်ကို တွေ့ရသည်။ ပြိုင်ပွဲ (၁၉) ကြိမ်အပြီးတွင် ဥရောပကိုယ်စားပြုအသင်းများက ၁၀ကြိမ်၊ တောင်အမေရိက ကိုယ်စားပြုအသင်းများက ကိုးကြိမ် ဗိုလ်စွဲခဲ့ကြသည်။ ဥရောပကိုယ်စားပြု အသင်းများ၏ ၁၀ ကြိမ် ဗိုလ်စွဲခဲ့ မှု အခြေအနေမှာ အီတလီ လေးကြိမ်၊ ဂျာမနီ သုံးကြိမ်၊ ပြင်သစ်၊ အင်္ဂလန်နှင့် စပိန်တို့ တစ်ကြိမ်စီ ဖြစ်သည်။ ကိုးကြိမ်ချန်ပီယံဖြစ်ခဲ့ သည့် တောင်အမေရိက ကိုယ်စားပြုအသင်း များမှာ ဘရာဇီး ငါးကြိမ်၊ အာဂျင်တီးနားနှင့် ဥရုဂွေးနှစ်ကြိမ်စီတို့ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းတစ်လျှောက် ထူးခြားချက်တစ်ခုဖြစ်နေသည်မှာ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ စတင်ကျင်းပချိန်ကစ၍ နောက်ဆုံးကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ တောင်အာဖရိက ပြိုင်ပွဲအထိ ပြိုင်ပွဲ ၁၉ကြိမ်တွင် တောင်အမေ ရိကနှင့် ဥရောပ ကိုယ်စားပြု အသင်းများ တစ်လှည့်စီ ဗိုလ်စွဲနေခြင်း ပင်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်ပြိုင်ပွဲတွင် ဥရုဂွေး (တောင်အမေရိက ကိုယ်စားပြုအသင်း) ဗိုလ်စွဲခဲ့ပြီး ၁၉၃၄ တွင် ဥရောပကိုယ်စားပြု အီတလီအသင်းတစ်လှည့် ချန်ပီယံဖြစ်ခဲ့သည်။ နောက်လေးနှစ်အကြာ ပြိုင်ပွဲတွင် အီတလီအသင်း ထပ်မံဗိုလ်စွဲခဲ့သော်လည်း ၁၉၅၀ ပြိုင်ပွဲတွင် တောင်အမေရိက ကိုယ်စားပြု ဥရုဂွေးအသင်း ချန်ပီယံပြန်ဖြစ်သည်။ ၁၉၅၈ နှင့် ၁၉၆၂ ပြိုင်ပွဲနှစ်ရပ်တွင် တောင်အမေရိက ကိုယ်စားပြုအသင်းတစ်သင်းဖြစ်သည့် ဘရာဇီးနှစ်ကြိမ် ဗိုလ်စွဲခဲ့ပြန်သည်။ ၁၉၆၆ အင်္ဂလန်တွင် ကျင်းပသည့် ပြိုင်ပွဲမှာတော့ ဥရောပကိုယ်စားပြု အိမ်ရှင်အင်္ဂလန်အသင်း ချန်ပီယံဖြစ်ခဲ့သည်။ ဥရောပကိုယ်စားပြုအသင်းဖြစ်စေ၊ တောင်အမေရိက ကိုယ်စားပြုအသင်းဖြစ်စေ နှစ်ကြိမ်ဆက် ဗိုလ်စွဲနိုင်သော်လည်း နောက်တစ်ကြိမ်ပြိုင်ပွဲတွင် ချန်ပီယံဆုလက်လွှတ်ခဲ့ကြရသည်။ ပြောရလျှင် မည်သည့်ဥရောပ၊ တောင် အမေရိက ကိုယ်စားပြုအသင်းမျှ ချန်ပီယံဆု သုံးကြိမ်ဆက်ဆွတ်ခူးနိုင်ခြင်း မရှိခဲ့။ တစ်လှည့် စီဟုပင် ဆိုရမည်ဖြစ်သည်။ ၁၉၆၆ ပြိုင်ပွဲမှစ၍ ၂၀၀၆ ပြိုင်ပွဲအထိ ၁၁ ကြိမ်ဆက်တိုက် ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံအသင်းများသည် ဥရောပကိုယ်စားပြုအသင်း တစ်သင်းဖြစ်လိုက်၊ တောင်အမေရိကကိုယ်စားပြုအသင်း တစ်သင်းဖြစ်လိုက် တစ်လှည့်စီ ပုံမှန်ဖြစ်ခဲ့သည်။ သို့သော် ၂၀၁၀တွင် ဥရောပ၊ တောင်အမေရိက တစ်လှည့်စီ ဗိုလ်စွဲနေရာမှ သွေးဖြည်ပြီး ဥရောပ ကိုယ်စားပြုအသင်းပင် ဆက်လက် ဗိုလ်စွဲခဲ့သည်။ ၁၉၃၄ နှင့် ၁၉၃၈ ပြိုင်ပွဲတုန်းကအတိုင်း အသင်းတူ မဟုတ်၊ နောက်ထပ် ဥရောပကိုယ်စားပြုအသင်း တစ်သင်းက ထပ်မံဗိုလ်စွဲခဲ့ သည်။ အီတလီ ၂၀၀၆၊ စပိန် (၂၀၁၀)တို့ နှစ်ကြိမ်ဆက် ဥရောပ ကိုယ်စားပြုအသင်းများ ဗိုလ်စွဲအပြီး ယခုနှစ် ၂၀၁၄ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်မည့် အသင်းသည် ပြိုင်ပွဲအစဉ်အလာအတိုင်း (တစ်လှည့်စီ) ဆိုလျှင် တောင်အမေရိက ကိုယ်စားပြု လက်ရွေးစင် အသင်းတစ်သင်း ဖြစ်သည်ဟု သတ်မှတ်၍ ရနေသည်။

ထိုအစဉ်အလာအပြင် မြောက်အမေရိကနှင့် တောင်အမေရိက မြေပေါ်တွင် ကျင်းပခဲ့သည့် ပြိုင်ပွဲ ခြောက်ကြိမ်စလုံး၌ တောင်အမေရိက ကိုယ်စားပြုအသင်းများသာ ဗိုလ်စွဲခဲ့ဖူးခြင်းနှင့် တောင်အမေရိကမြေတွင် ဒေသတွင်းမှအသင်းများသာ ချန်ပီယံဖြစ်ခဲ့ခြင်းဆိုသည့် မှတ်တမ်းများလည်း ရှိခဲ့သည်ကို တွေ့ရှိရသဖြင့် ယခုနှစ် တောင်အမေရိကမြေ ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ပြိုင်ပွဲမှာ တောင်အမေရိက ကိုယ်စားပြုအသင်းတစ်သင်းချန်ပီယံဖြစ်ရန် ရာခိုင်နှုန်းများနေသည်ဟု သုံးသပ်မိပါသည်။

ဝင်းထွင့်ဦး

ကမ္ဘာ့ဖလားဝင်မည့် ချီလီအသင်းတွင် ဗီဒယ်ပါဝင်

ဂျူဗင်တပ်ကွင်းလယ်ကစားသမား ဗီဒယ်သည် ချီလီအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကစား သမားစာရင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။ ကွင်းလယ်လူ ဗီဒယ်ချီလီအသင်းလူစာရင်းတွင် ပါဝင်လာခဲ့သော်လည်း အတွေ့အကြုံရင့်ကျက်မှုရှိသည့် ဗဟိုနောက်ခံကစားသမား ဂွန်ဇာလက်ဇ်မှာမူ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲရမည်ဖြစ်သည်။

လက်ရှိချီလီအသင်း၏ လူစာရင်းမှာ ဂိုး-ဘရာဗို၊ ဟာရီရာ၊ တိုဆယ်လီ၊ နောက်တန်း-အယ်လ်ဘိုနော့ဇ်၊ ဂွန်ဇာလို ဂါရာ၊ မီဒယ်၊ မီနာ၊ ရိုးဂျက်စ်၊ ကွင်းလယ်-အာရမ်ဂစ်၊ ဘောက်ဆီဂျာ၊ ကာမိုနာ၊ မာဆယ်လိုဒိုင်ယက်၊ ဖူအန်ဇာလီဒါ၊ ဂူတီရာရက်ဇ်၊ အစ္စလာ၊ ဖရန်စကိုဆေးလ်ဗား၊ ဗယ်လ်ဒီဗီယာ၊ ဗီဒယ်၊ ရှေ့တန်း-အော်ရယ်လာနာ၊ ပါရီဒက်စ်၊ ပီနီလာ၊ အလက်ဇစ်ဆန်းချက်၊ ဗာဂတ်စ် စသည့်ကစားသမားများကို ရွေးချယ်ထားသည်။

နယ်သာလန်နှင့်ပွဲတွင် ဝေလအသင်းကို ဂျိုးအယ်လ်လန်း ဦးဆောင်မည်

လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းသည် ဇွန် ၄ ရက်တွင် အမ်စတာဒမ်၌ နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲစဉ်တွင် ဝေလအသင်းအား အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ် ကြောင်း သိရသည်။

ဒဏ်ရာရရှိထားခြင်းကြောင့် အနားယူနေသည့် ဗဟိုနောက်ခံကစားသမား အက်ရှ်လေဝီလျံ မပါဝင်နိုင်ခဲ့ခြင်းကြောင့် နယ်သာလန်အသင်းနှင့်ပွဲစဉ်အတွက် အသက်(၂၄)နှစ်အရွယ်ရှိ ဂျိုးအယ်လ်လန်းက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူရ မည်ဖြစ်သည်။ အဆိုပါ နယ်သာလန်အသင်းနှင့်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် အာဆင်နယ် ကွင်းလယ်ကစားသမား ရမ်ဆေးတို့လည်း ဝေလအသင်းနှင့်အတူ ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

ငွေကြယ်

တရားမဝင် တမလန်းသစ်ဓားရှေတုံးများ သိမ်းဆည်းရမိ

စစ်ကိုင်း ဇွန် ၂

စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်-၂၊ တောအုပ် ဦးရဲလတ်၊ တောခေါင်း ဦးကျော်ဝင်းတို့ပါဝင်သော သစ်တောဝန်ထမ်းများနှင့်အတူ စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာ နယ်မြေရဲစခန်းနှင့် ဆားတောင်စံပြကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၃၁ရက် နံနက်၅နာရီ၁၅မိနစ်က တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးကြရာ စစ်ကိုင်း-ရွှေဘို ကားလမ်း ဆားတောင်ကျေးရွာဈေးရှေ့ လမ်းမပေါ်၌ ဘ/-----ဒိုင်နာ နံ့သာရောင်ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားမဝင်တမလန်းသစ် ဓားရှေတုံးများ သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့ရာ တမလန်းသစ်ဓားရှေ ၅၇တုံး (တန်ချိန် ၄ ဒသမ ၁၀၁၈ တန်)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်နေသူ ယာဉ်မောင်း အောင်နိုင်အား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ပိုင်ရှင်ထံပြန်လည်အပ်နှံ

တောင်ငူ ဇွန် ၂

တောင်ငူမြို့ (၁၂) ရပ်ကွက် (၅)လမ်းနေ ဒေါ်သန်းသန်း(၅၇)နှစ် ဆေးပစ္စည်းအရောင်းဆိုင်ပိုင်ရှင်နေအိမ်တွင် မေ ၁၉ ရက်က ပျောက်ဆုံးသွားသည့် ရွှေထည်လက်ဝတ်ရတနာပစ္စည်း ၁၅ မျိုး ကာလတန်ဖိုး ငွေကျပ် ၁၈၈၅၀၀၀၀ ကို အမှတ်(၂)နယ်မြေရဲစခန်းက နာရီပိုင်းအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အဆိုပါ ရွှေထည်ပစ္စည်းများကို ပိုင်ရှင်ထံ ဇွန် ၁ ရက်က ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေထည်ပစ္စည်းများအား ပိုင်ရှင်ထံပြန်လည်အပ်နှံပွဲသို့ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းထွန်း၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေနှင့် မြို့မိမြို့ဖများ တက်ရောက် ဂုဏ်ပြုအားပေးခဲ့ကြသည်။ ထို့နောက် စခန်းမှူးရဲအုပ်အေးဇော်က ချိပ်ပိတ်သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများအား တာဝန်ရှိသူများရှေ့မှောက်တွင် ဖွင့်ဖောက်၍ ပိုင်ရှင်ထံပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပိုင်ရှင်ဒေါ်သန်းသန်းက အမှတ်(၂) ရဲစခန်းနယ်ထိန်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူဟု သံသယရှိသူ အလားတူပြစ်မှုဖြင့် ပြစ်ဒဏ်ကျပြီး ကျင့် ၄၀၁ ဖြင့် လွှတ်ထားသော တောင်ငူမြို့ (၁၃)ရပ်ကွက် ယက္ကန်းချောင်လမ်းနေသူ ဖြိုးဝင်းပိုင်(၂၄)နှစ်အား အမှတ်(၂) နယ်မြေရဲစခန်းမှူး ရဲအုပ်အေးဇော်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းထိုက်ထွေးတို့ဦးဆောင်သောအဖွဲ့က တိုင်ချက်ဖွင့်ပြီး မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ခေတ်သစ်ဦးလက်ဖက်ရည်ဆိုင်အနီးတွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ကျော်စွာ(တောင်ငူ)

ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်လှေပေါ်၌ မီးလောင်မှုဖြစ်ပွား

အိမ်မဲ ဇွန် ၂

အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တော်စုကျေးရွာချောင်းအတွင်း၌ မေ ၃၀ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်လှေတစ်စင်းမီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တော်စုကျေးရွာချောင်းအတွင်း၌ ဆိုက်ကပ်ထားသော စက်လှေတစ်စင်းတွင် အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာနေ စက်လှေစောင့် မင်းကိုသည် စက်လှေဘုရားစင်၌ ဖယောင်းတိုင်မီးပူဇော်ထားပြီး ဘေးချင်းယှဉ်ဆိုက်ကပ်ထားသည့် စက်လှေပေါ်တွင်သွားရောက်အိပ်ပျော်နေရာ ဖယောင်းတိုင်မီးမှ စက်လှေထပ်ခိုးနှင့်အိမ်သာသို့ မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၁၀ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

(၅၅၂)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နောင်ချို ဇွန် ၂

အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စုလားရှိုး (နောင်ချို) မှ ဒုရဲအုပ် စိုင်းရန်လင်းသူဦးစီးသောအဖွဲ့သည် မေ ၃၁ ရက်နံနက်၈နာရီက သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လားရှိုးမှ မန္တလေးဘက်သို့ နွေစိုးမြင့် မောင်းနှင်လာပြီး မျိုးဆွေလိုက်ပါလာသည့် ၂၆ယ/---၁၂၅အနက်ရောင်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ခွကြား၌ တင်ဆောင်လာသည့် Diesel တံဆိပ်ပါအနက်ရောင်ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်ပါ ဆပ်ပြာခွက် ကိုးခွက်၊ ၁၆ ဂရမ်ခန့်ပါ တစ်ခွက်၊ ၁၉ ဂရမ်ခန့်ပါ တစ်ခွက် စုစုပေါင်း ဆပ်ပြာခွက် ၁၁ ခွက်တွင် စုစုပေါင်းဘိန်းဖြူမှုန့် အလေးချိန် ၁၅၂ ဂရမ်နှင့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY နှင့် ၁၈၁တန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြား အလေးချိန် ၁ဒသမ၂ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မရဲစခန်းမှ ရဲတပ်သား နွေစိုးမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် သက်ကယ်ကျင်းကျေးရွာနေသူ မျိုးဆွေတို့အား နောင်ချိုမြို့မရဲစခန်းက မယ(ပ) ၄၃/၂၀၁၄၊ မူးစိတ်ပုဒ်မ ၁၅/၁၉ (က) /၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မော်လမြိုင် သံလွင်တံတား မုတ္တမဘက်ခြမ်း အဝင် RP-1 နေရာ၌ ဇွန် ၁ ရက် ည ၈နာရီ ၄၅ မိနစ်ခန့်က မော်လမြိုင်မှ မုတ္တမဘက်သို့ မောင်းနှင်လာသော (ဗ) FAW ခြောက်ဘီးယာဉ်နှင့် မုတ္တမ မှ မော်လမြိုင်သို့ မောင်းနှင်လာသော9E/------ တိုရိုတာ ဟိုင်းလတ် ကိုယ်ပိုင်ယာဉ်တို့ တိုက်မှုဖြစ်ပွား ပြီးနောက် တွေ့ရစဉ်။ (ဆက်နေမင်းအောင်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မောင်ရဲမင်းဖြိုးနှင့် မဖူးငုံသင်းတို့၏ ၂၄-၅-၂၀၁၄ ရက်တွင် နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တွဲဖက်တရားသူကြီး ဒေါ်ခင်အိမြေးအားလည်းကောင်း၊ ၂၅-၅-၂၀၁၄ ရက်တွင် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁-၆-၂၀၁၄ ရက် Sedona Hotel တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပါယ်ပန်းကုံး ချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ မင်္ဂလာဆွဲကြိုးဆင်မြန်းပေးပါသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဦးတင်ရွှေ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဇနီးဒေါ် ဒေဝီနွယ်တို့ အားလည်းကောင်း၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စာပေစာနယ်ဇင်းထုတ်လုပ်သူများနှင့် ဖြန့်ချိရေးကိုယ်စားလှယ်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ စင်ကာပူမှ ကြွရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များ၊ ကိုယ်တိုင်မကြွရောက်နိုင်၍ လက်ဆောင်မွန်များ ပေးပို့ကြပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီ၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးသော တေးသံရှင် မေဆွိနှင့် Emperor Music Band၊ မင်္ဂလာဝတ်စုံများချုပ်လုပ်ပေးပါသော ဒီဇိုင်နာ ကိုမင်းသက်စံ(Sweet & Smart Collection)၊ မိတ်ကပ် လင်းလင်းနှင့်အဖွဲ့၊ လက်ဝတ်ရတနာ ခင်စန်းဝင်း၊ မင်္ဂလာခန်းမ ပန်းအလှပြင် Eternal Floral တို့အားလည်းကောင်း၊ Pre wedding ဓာတ်ပုံ မောင်ဖြိုးမော်နှင့် ဓာတ်ပုံဗီဒီယို ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ဖိနပ်အလှဆင်ပေးပါသော ရွှေမြင့်မိုရ်နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းဖြိုး-မဖူးငုံသင်း

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်လတ်(ဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ကြည်ကြည်မြင့်တို့၏သား
မောင်နေမျိုးလတ်
B.A (English) Master (F.G),Myanma Five Star Line
နှင့်
ရန်ကုန်မြို့နေ
ဦးရန်နိုင်ဦး(ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ရွှေစင်တို့၏သမီး
ဒေါက်တာနီလာရန်နိုင်
M.B.,B.S(Ygn)

တို့၏ ၁၇-၅-၂၀၁၄ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့် ဇနီးဒေါ်မြမြစန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဉာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြား၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းငွေ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပါမောက္ခဒေါက်တာ ဦးညွန့်သိန်း၊ OTS (49)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ တေဇ(၅)မှသူငယ်ချင်းများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး ပန်းအိဖြူ မေတ္တာဖြင့် တေးသံသာများ သီဆိုဧည့်ခံပေးပါသော အလင်္ကာဝတ်ရည် ဦးမောင်မောင်အေးနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲအကယ်ဒမီ စိုးပြည့်သဇင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာလှဲ့ဝင်းသူနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာအေးသီတာလတ်၊ မင်္ဂလာသတို့သားအရံ မောင်တင်မျိုးနိုင်၊ မောင်တိုးပြည့်စိန်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာ ဝေမာသန်းအောင်၊ ဒေါက်တာကေကေခိုင်၊ မိတ်ကပ်ဆံပင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မမဥ္ဇူ(ZuZu Collection)၊ ဒီဇိုင်နာ မင်းသက်စံ(Sweet & Smart Collection)၊ မေတ္တာဖြင့် ပိုးထည်များဆင်မြန်းပေးပါသော Karat Silk ပိုးထည်ဆိုင်၊ စုရတီပိုးထည်ဆိုင်၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော စကြာရွှေရည်စိန်ရွှေရတနာဆိုင်၊ Pang Mu Gems & Jewellery Co.,Ltd၊ မေတ္တာဖြင့် မင်္ဂလာဖိနပ်များ ဆင်မြန်းပေးပါသော Royal Rose Sandals၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်း(Exposure Photo & Video)နှင့်အဖွဲ့၊ ပန်းအလှဆင်မြန်းပေးပါသော လင်းလင်းနှင့်အဖွဲ့၊ ဘောလုံးအလှဆင်ပေးပါသော BoBoနှင့်အဖွဲ့၊ မီးအလှဆင်ပေးပါသော မီးငယ်(Disco Light)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon Printing & Invitation Cards၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ Kandawgyi Palace Hotel(Mingalar Ballroom)တွင်ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ Kandawgyi Palace Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာညှော်ခံပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Wedding & Events Planning၊ ဒေါက်တာသိန်းထွဋ်ဦးနှင့် ဒေါက်တာထက်ထက်ရင်မြင့်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် အနုပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေမျိုးလတ်-ဒေါက်တာနီလာရန်နိုင်

မီးဘေးသင့်လယ်သမား ၂၁ ဦးအား မျိုးကောင်းမျိုးသန့်မျိုးစပါးများထောက်ပံ့

ဗန်းမော်၊ ဇွန် ၂

ဧပြီ ၂၅ ရက်က ပေါ့ဆမီးကြောင့် လောင်ကျွမ်းခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမော်မြို့နယ်၊ နောင်ကန်အုပ်စု၊ နောက်ကွတ်ကျေးရွာမှ လယ်သမား ၂၁ ဦးတို့အား မိုးရာသီစိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရန် မျိုးစပါးထောက်ပံ့ခြင်းအခမ်းအနားကို မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ငွေကျပ် ၅၁၃၀၀၀ တန်ဖိုးရှိ ဆင်းဧကရီ ၃၊ မျိုးကောင်းမျိုးသန့်စပါး ၅၄ တင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းမောင်တို့က ပေးအပ်ကြရာ၊ နောင်ကန်အုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာခေါင်းဆောင်များက လက်ခံရယူကြသည်။

ပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာဦးစီးမှူးများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စာရေးများ စုစုပေါင်း ၁၅၀ ကျော်တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးဝင်းရွှေတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ထောက်ပံ့ပေးခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ထားဝယ်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများအား မူလပိုင်ရှင် တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့် ပြန်လည်ပေးအပ်

ထားဝယ်၊ ဇွန် ၂

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့် ပြန်လည်ပေးအပ်သည့် အခမ်းအနားကိုမေ ၃၀ ရက်မွန်းလွဲ ၂နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ယာယီစာရင်းအရ ခရိုင်သုံးခရိုင်တွင် မြေဧရိယာ ၂၃၇၆ ဒသမ ၅၁ ဧကခန့်ပြန်လည် စွန့်လွှတ်ပေးခဲ့ပြီး စိုက်ပျိုးနိုင်မည့် ဧရိယာ ၂၁၈၆ ဒသမ ၄၆ ဧကခန့်ဖြစ်၍ မစိုက်ပျိုးနိုင်သည့် (အခြားနည်းသုံးနှင့် အခြားမြေ) ဧရိယာ ၁၉၀ ဒသမ ၀၅ ဧကဖြစ်ကြောင်း၊ မူလစိုက်ပျိုး လုပ်ကိုင်ခဲ့သူများအား ယခုနှစ်စိုက်ပျိုးရာသီအမီ လုပ်ကိုင်နိုင်ရေးအတွက် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထားဝယ်ခရိုင် အတွင်းမှ မြေပြန်လည်စိစစ်မှုအခြေအနေအရ စိုက်ပျိုးနိုင်သောဧရိယာမှာ ၈၀၇ ဒသမ ၁၃ ဧကဖြစ်၍ ၈၀၇ ဒသမ ၁၃ ဧကအနက် ၅၂၃ ဒသမ ၉၈ ဧကကို တောင်သူ ၉၀ ဦးအား ပြန်လည်၍ ယာယီလုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ် အလိုက် ယာယီလုပ်ကိုင်ခွင့်ပေးမည့်နေရာများမှာ ထားဝယ်မြို့ရှိ ၂၈ ဒသမ ၃၈ ဧကကို တောင်သူ ခြောက်ဦးအားလည်းကောင်း၊ လောင်းလုံးမြို့နယ်အတွင်းရှိ ၃၇ ဒသမ ၄၆ ဧကကို တောင်သူရှစ်ဦးအားလည်းကောင်း၊ သရက်ချောင်းမြို့နယ်ရှိ ၁၃၆ ဒသမ ၇၂ဧကကို တောင်သူ ၁၇ ဦးအားလည်းကောင်း၊ ရေဖြူမြို့နယ်ရှိ ၃၂၁ ဒသမ ၄၂ ဧက ကို တောင်သူ ၅၉ ဦးတို့အားလည်းကောင်း ပြန်လည်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေယာများကို မူလပိုင်ရှင် တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့် ပြန်လည်ပေးအပ်သည့်အခမ်းအနားကို တွေ့ရစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ပြန်လည်စွန့်လွှတ်သည့် မြေယာများအား သက်ဆိုင်ရာတောင်သူများသို့ ပြန်လည် ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ဌာန ဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထားဝယ်ခရိုင်အတွင်းရှိ တောင်သူလယ်သမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တပ်မြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသော မြေများကို သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ မပြုလုပ်ရန်၊ တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံရန် နိုင်ငံတော်သမ္မတက မူဝါဒချမှတ်ပေးခဲ့သည်။

သိမ်းဆည်းခံမြေယာကိစ္စ ဆောင်ရွက်ရန်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် စုစုပေါင်းအဖွဲ့ဝင်၄၂ ဦးပါဝင်သော မြေအသုံးချမှုစီမံခန့် ခွဲရေးဗဟိုကော်မတီကိုဖွဲ့စည်းခဲ့သည်။

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)

အရက်အကြွေးသောက်သည့်ကိစ္စ စကားများကြပြီး အရက်ရောင်းသူအား ဓားဖြင့်ခုတ်

ကျောက်ထု၊ ဇွန် ၂

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်(ခွဲ) လေယာဉ်ကွင်းရပ်ကွက်တွင် အရက်ကို အကြွေးသောက်သဖြင့် စကားများကြပြီး အရက်ဝယ်သူက ဓားဖြင့်ခုတ်ရာ အရက်ရောင်းသူမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးမှု မေ ၁၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၁၈ ရက်က ကျောက်ထုမြို့လေယာဉ်ကွင်းရပ်ကွက် ချက်အရက်ရောင်းသူ ဒေါ်မကြည်နေအိမ်၌ ပေါက်ခေါင်းကျေးရွာနေ ဦးလှဝေ အသက် ၃၃ နှစ်က ချက်အရက်ကို အကြွေးသောက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ စကားများကြပြီး ဦးလှဝေက ချက်အရက်ရောင်းသူ ဒေါ်မကြည် အသက် ၆၅ နှစ်အား ဓားဖြင့်ခုတ်ခဲ့ကြောင်း သိရသည်။

ဒေါ်မကြည်၏ ဦးခေါင်း၊ လက်ကောက်ဝတ်တို့တွင် ဓားဒဏ်ရာငါးချက်ရရှိ၍ ဒေါ်မကြည်မှာ ထိုနေရာ၌ပင်ပွဲချင်းပြီးသေဆုံးသွားသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ကျောက်ထုရဲစခန်းက တရားခံဦးလှဝေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၄၆၅)

ရန်ကုန်–နေပြည်တော် အမြန်လမ်းစစ်ဆေးယာဉ်အား လေးခွဖြင့်ပစ်သူ အမှုဖွင့်အရေးယူ

ရန်ကုန်၊ ဇွန် ၂

မေ ၂၉ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က အင်းစိန်မြို့နယ်သစ်တောအုပ်သည် ရန်ကုန်-နေပြည်တော် အမြန်လမ်းတစ်လျှောက် နယ်မြေစစ်ဆေးခြင်းကို ဌာနပိုင်ဆာဖ့်နက်ပြာရောင်ယာဉ်ဖြင့် လိုက်လံစစ်ဆေးခဲ့စဉ် မိုင်တိုင်အမှတ် (၀/၃) အနီးရှိ တိုးဂိတ်တွင် နေပြည်တော်မှရန်ကုန်သို့ မောင်းနှင်လာသည့် တိုယိုတာကိုရိုလာယာဉ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် လိုက်လံစစ်ဆေးခဲ့သည်။

အမှတ် ၃ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် ဟယ်ရီယာယာဉ်ကို ကျော်တက်မောင်းနှင်စဉ် ၎င်းယာဉ်တွင်းမှ လေးခွဖြင့်ပစ်သဖြင့် ဆာဖ့်ယာဉ်ရှေ့တံခါးမှန်ကွဲကာ ယာဉ်ရှေ့ခန်းတွင်ထိုင်နေသည့် တောအုပ်၏ ဘယ်ဘက်နားထင် ထိမှန်ဒဏ်ရာရရှိခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။

ထောက်ကြန့်နယ်မြေရဲစခန်းက (ပ)၁၅၄/၁၄ ပြစ်မှုပုဒ်မ ၃၅၃/၃၃၇/၄၂၇/၁၁၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၁)

01-512443, 09-73017650
Ks 44000
Ks 36000
Ks 34000

ရောင်းမည်
09540101 1, 0973095677

ရောင်းမည်

ညီနိုင်ငွေမြှင့်ရောင်းမည်

၂၀၁၄ ခုနှစ်၊ ...
တယောဖြည့်နယ် ... နှင့် ...
၁၀ - ၇ - ၂၀၁၄ မှ ၁၃ - ၇ - ၂၀၁၄
သုဒ္ဓါဇ်ဒနိ ၀၁ ၂၅၃၀၈၉ / ၀၉ ၅၁ ၅၅၆၄၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Digital Multifunction Copier 5Nos
Computer 6Sets
Laser Printer 4Nos

ဖတ်စရာ

အလယ်ပိုင်းဒေသ လူမှုစီးပွားဘဝ နှမ်းလှော်လုပ်ငန်း

à aZ,wk

မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် အလယ်ပိုင်းဒေသ၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့၌ အဓိကထွက်ရှိသည့် ဆီထွက်သီးနှံနှမ်းအား နိုင်ငံတော်၏ စားသုံးဆီ လိုအပ်ချက်ဖြည့်ဆည်းပေးနေသော ဆီစက်လုပ်ငန်းများအပြင် ဒေသတွင်း ရိုးရာဓလေ့ လက်ဖက်၊ ပဲကြမ်းတို့နှင့် တွဲဖက်စားသုံးလေ့ရှိသော၊ ဂျုံဖြင့်ပြုလုပ်သည့် အခြားမုန့်ပဲသရေစာမျိုးစုံတွင် အသုံးပြုမှုများသော နှမ်းလှော်ကို ထုတ်ကုန်ကုန်ချောလုပ်ငန်း တစ်ခုအဖြစ် လုပ်ကိုင်လျက်ရှိကြသည်။

နှမ်းလှော်ရာတွင် ဦးစွာ အလုံး၊ အဆန်အောင်သော နှမ်းမျိုးများ ဝယ်ယူစုဆောင်းရသည်။ ဒေသထွက်သီးနှံဖြစ်သောကြောင့် ကုန်ကြမ်းရရှိမှု လွယ်ကူသည်။ လုပ်ငန်း ပထမအဆင့်အနေဖြင့် နှမ်းရေစိမ်ခြင်းဖြစ်ပြီး အချိန်ပိဿာ ၃၀ ဆန့် နှမ်းတစ်အိတ်ကို ရေစည်တစ်စည်ဆံ့ ကျောက်စည်ထဲတွင် မိနစ် ၂၀ ခန့် စိမ်ရသည်။ ထို့နောက် ရေအပေါ်ယံ မျက်နှာပြင်တွင်ပေါ်လာသော အမှော်များကို သန့်စင်ဖယ်ထုတ်ရသည်။ အချိန်ပြည့်လျှင် ရေမှဆယ်ကာ တောင်းများဖြင့် ရေစစ်ရသည်။ ဒုတိယအဆင့်မှာ မောင်းထောင်းဆုံတွင် ရေစစ်ပြီးနှမ်းများ ထောင်းခြင်းလုပ်ငန်းဖြစ်သည်။ ယခင်က နင်းမောင်းများ အသုံးပြုပြီး ယခုအခါ မော်တာပင်နယံဖြင့် ချိန်သားကိုက် စီစဉ်ထားသော စက်မောင်းဆုံများကိုသာ အဓိက အသုံးပြုတော့သည်။ စက်မောင်းဆုံနေရာတွင် ကျွမ်းကျင်ဝန်ထမ်းတစ်ဦးက နှမ်းလှည့်ပေးနေရသည်။ အခွံ၊ အမှော်ကျွတ်နိုင်ရုံထောင်းထားသောနှမ်းများကို သမံတလင်းများပေါ်တွင် သွေ့အောင် ဖြန့်ခင်းကြရပြန်သည်။

တတိယ အဆင့်မှာ နှမ်းလှော်ခြင်း လုပ်ငန်းဖြစ်သည်။ ယခင်က တက်ဖြင့်လှော်ရာမှ လုပ်ငန်း ကြန့်ကြာမှုနှင့် ပစ္စည်းအရည်အသွေးပိုင်း အားနည်းမှုကို ဖြည့်ဆည်းရန် နှမ်းလှော်ဒယ်ကြီးများကို ဗဟိုထား၍ အနိမ့်အမြင့်ပြုလုပ်နိုင်သော မော်တာဒလက်များဖြင့် နှမ်းမွှေ၊ နှမ်းလှော်ခြင်းလုပ်ငန်းကို လုပ်ကြသည်။ နှမ်းလှော်ဖိုတစ်ဖိုတွင် လှော်ရန်ဒယ်ကြီးနှစ်လုံးနှင့် အရံဒယ်နှစ်လုံးထားရှိသည်။ နှမ်းလှော်ရာတွင် စက်ဒလက်များကို အသုံးပြုထားသော်လည်း ကျွမ်းကျင်လုပ်သားတစ်ဦးက နှမ်းကျက်လောက်သည့်အနေအထားကို အသံနှင့် အရောင်ဖမ်းကာ အရန်ဒယ်များသို့ ရွှေ့ပြောင်းလှယ်ပေးနေရသည်။ တစ်ကြိမ်လှော်လျှင် နှမ်းနှစ်တောင်းသာလှော်နိုင်ပြီး လှော်ရန်အချိန် ၁၀ မိနစ်ဝန်းကျင်ခန့်သာ ကြာသည်။ စတုတ္ထအဆင့်မှာ လေ့စင်များဖြင့် အမှော်ချခြင်းလုပ်ငန်း ဖြစ်သည်။ အမှော်ချရင်း အအေးခံခြင်းလုပ်ငန်းကိုပါ တစ်ပြိုင်နက်လုပ်ပြီးဖြစ်သည်။ ပဥ္စမအဆင့်အနေဖြင့် စက်စကာခုံပေါ်တင်ခြင်းဖြစ်ပြီး လက်ကျန်အမှော်နှင့် မအောင်သော၊ စံချိန်မမီသော နှမ်းစေ့ငယ်များအား စကာဖြင့်အပြီးသတ် လှေ့ချခြင်းဖြစ်သည်။ လှေ့စင်၏ လုပ်ငန်းဆောင်ရွက်မှုအရ အောင်မြင်သောနှမ်းလှော်များက လှေ့စင်ဝရှိ အိတ်များအတွင်းသို့ ရောက်ရှိကြသည်။ နှမ်းလှော်အိတ်များကို ကတ္တားချိန်ကြပြီး စံအဖြစ် အချိန်ပိဿာ ၃၀ သတ်မှတ်ကြသည်။ ထို့နောက် ချုပ်လုပ်ထုပ်ပိုးပြီးသော နှမ်းလှော်အိတ်များကို ဈေးကွက်အတွင်းသို့ တင်ပို့နိုင်ပြီဖြစ်သည်။

အလုပ်ရုံတစ်ရုံတွင် ဒယ်လေးလုံး အသုံးပြုလုပ်ငန်းကို ဖိုတစ်ဖိုအဖြစ် သတ်မှတ်ကြပြီး လုပ်ငန်းအသေး၊အကြီးအလိုက် ဖိုနှစ်ဖို၊ သုံးဖိုမှ ၁၀ ဖိုအထိ ရှိတတ်သည်။ ဖို ၁၀ ဖို လုပ်ငန်းသမားတစ်ဦးအနေဖြင့် တစ်ရက်လျှင် နှမ်းတင်း ၁၅၀ ထိ လှော်နိုင်ကြသည်။ လုပ်ငန်းအသီးသီးအတွက် ကျွမ်းကျင်လုပ်သား ၃၆ ဦးခန့် အလုပ်ခန့်ထားပြီး တစ်ရက်လုပ်အားခ ၁၂၀၀၀ ကျပ်ခန့် ကုန်ကျသည်။

လုပ်ငန်းသုံး စက်ပစ္စည်းအနေဖြင့် မောင်း၊ လှော်ဒလက်၊ လှေ့စင်များကို အသုံးပြုပြီး လောင်စာအတွက် ပဲခွံ တစ်မျိုးတည်းကိုသာ အသုံးပြုကြသည်။

တစ်ရက်အတွက်လောင်စာ ဖောကားနှစ်စီးတိုက်ခန့် အသုံးပြုကြရသည်။ ပဲခွဲစက် များမှတစ်ဆင့် လောင်စာများဝယ်ယူစုဆောင်းထားရပြီး ပေါချိန်၊ ရှားချိန် အလိုက် တစ်စီးလျှင်ငွေကျပ် ၇၀၀၀ မှ ငွေကျပ် ၂၅၀၀၀ အထိ ဈေးပေးရသည်။

နှမ်းလှော်များကို ရန်ကုန်၊ မန္တလေး ဈေးကွက်သို့ ကုန်တင်ကားများဖြင့် တင်ပို့ကြပြီး ထိုမှတစ်ဆင့် တရုတ်နှင့် ကိုရီးယားဈေးကွက်အထိ ကျယ်ပြန့်ရောက်ရှိကြသည်။တင်ပို့ရသည့် နိုင်ငံများအကြိုက် နှမ်းလှော်မှုန့်လုပ်ငန်းများလည်း ပြည်တွင်းတွင် လုပ်ကိုင်လျက် ရှိကြသည်။

ထုတ်ကုန်၊ ပို့ကုန် ကုန်ချောလုပ်ငန်းတစ်ခုအနေဖြင့် ဒေသတွင်းစီးပွားရေး အခြေအနေကောင်းများ ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းများ ရရှိစေသောနှမ်းလှော်လုပ်ငန်းသည် နှမ်းတန်ဖိုးအရင်း၊ လုပ်အားခ၊ လောင်စာ၊ သယ်ယူစရိတ် စုစုပေါင်းနှင့် နှမ်းလှော်အဆင့် ရောင်းချရရှိငွေအား ချိန်ထိုးခြားနားကြည့်ပါက အမြတ်အစွန်းကောင်းသော လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မည်။

ရေစိမ်နှမ်းရည်များကထွက်သော အနံ့ဆိုးများ၊ နှမ်းလှော်ညှော်နံ့များက ရောဂါအခံရှိသူများအား ရောဂါအားပေးရာရောက်ကာ ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းကို ဖြစ်စေသဖြင့် လုပ်ငန်းရှင်များအနေဖြင့် ပတ်ဝန်းကျင်အနေအထားကို ချိန်ဆ၍ လုပ်ငန်းများလုပ်ကိုင်ကြရမည်ဖြစ်သည်။ လောင်စာများအားလည်း စနစ်တကျ ထိန်းသိမ်းရမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာရပ်၊ အောင်မေတ္တာရပ်ကွက်များရှိ နှမ်းလှော်လုပ်ငန်းများအား လေ့လာပြီး ဆင့်ပွားကြံဆအသုံးချကာ ဒေသတွင်းအကျိုးစီးပွားမှ နိုင်ငံ့အင်အားအဖြစ် လက်ဆုပ်လက်ကိုင် ပြုနိုင်ကြရန် ရည်ရွယ်၍ အလယ်ပိုင်းဒေသ လူမှုစီးပွားဘဝ နှမ်းလှော်လုပ်ငန်းအကြောင်းအား လေ့လာတင်ပြလိုက်ရပါသည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်

တောင်ကြီး၊ ဇွန် ၂

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲအခမ်းအနား(ရှမ်းပြည်နယ်အဆင့်)ကို တောင်ကြီးမြို့တော်ခန်းမတွင် မေ ၃၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ ပြည်နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် 'ပြည်သူအများကျန်းမာဖို့၊ ဆေးလိပ်ဆေးရွက်ကြီးအခွန်မြှင့်တင်လို့ သုံးစွဲမှုကို လျှော့ချစို့' ဆောင်ပုဒ်ကို ဦးတည်၍ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်ဖွယ်နည်းလမ်းများကို ဝန်ကြီးချုပ်က တက်ရောက်လာသူများကို ရှင်းလင်းတင်ပြ ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသက်ခင်က ရှမ်းပြည်နယ်အဆင့် အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းက ဖတ်ကြားပြီး၊ ရှမ်းပြည်နယ်ဥပဒေအရာရှိ ဦးမြင့်လွင်က ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု အန္တရာယ်တားဆီးနိုင်ရေး ဥပဒေများကို ရှင်းလင်းဟောပြောကာ နံနက် ၁၀ နာရီခွဲတွင် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူများ ရင်ဆိုင်ကြုံတွေ့ရသော ရောဂါများနှင့် ရှောင်ကျဉ်အပ်သော နည်းလမ်းပညာပေးမှုပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

သန်းဝေ(တောင်ကြီး)

သတင်းတို

ကွန်ပျူတာအသုံးချ သင်တန်းဖွင့်

ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ၌ လူစွမ်းအားဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ကွန်ပျူတာအသုံးချ သင်တန်းအား မေ ၃၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။အဆိုပါ ကွန်ပျူတာ အသုံးချ သင်တန်းပို့ချရက်မှာ စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြစ်ကြောင်းသိရသည်။ ၎င်းသင်တန်းချိန်မှာ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိဖြစ်ပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမ ငါးဦးဖြင့် သင်တန်းသားများအား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ကြေညာချက်

[illegible]

မလှိုင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်း

မလှိုင်၊ ဇွန် ၂

မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ယခုအခါ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်ရှိ ကျေးရွာများအနက်မှ ကျေးရွာအချို့ကို မေ ၁၇ ရက် ညနေ ၃ နာရီမှစတင်၍ မြစိမ်းရောင်စီမံချက်အား အကောင်အထည်ဖော်၍ ကော်မတီများဖွဲ့စည်းပေးခဲ့သည်ဟု သိရသည်။

၎င်းစီမံကိန်း၌ပါဝင်သည့်ရွာများဖြစ်သည့် သဲကန်အုပ်စု၊ ဆည်ရွာ၊ ရေငံအုပ်စု၊ ညောင်ပင်သာကျေးရွာ၊ လက်စွေ့အုပ်စု၊ မြင်းသေကျေးရွာ၊ နတ်စဉ်ကုန်အုပ်စု၊ ကံသစ်ကြီးကျေးရွာ၊ မြင်းဦးလှည့်အုပ်စု၊ ခေါင်းဆေးကန်ကျေးရွာများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရင်းမပျောက်လည်ပတ်ရန် ရန်ပုံငွေအဖြစ် တစ်ရွာလျှင် သိန်းသုံးရာကျပ်နှုန်းကို သက်သာသောအတိုးနှုန်းများဖြင့် ချေးငှားပေးရန် ဖြစ်သည်။

မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ၎င်းကျေးရွာများ၌ရှိသော ကျေးလက်ပြည်သူများမှ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့ဝင်ခုနစ်ဦးအား အဆိုပါနေ့ရက်များ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကော်မတီများဖွဲ့စည်းပေးခဲ့သည်ဟု မြို့နယ်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ပြည်နယ်တိုင်းဒေသကြီး ၁၄ ခု၊ ပြည်နယ်ခွဲနှစ်ခု၊ ခရိုင် ၆၀၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာ ပေါင်း ၆၄၉၁၇ ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြသည်။ ကျေးလက်လူဦးရေ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ အိမ်ထောင်စုပေါင်း ၁၉၉၆၇၈၃ သည် ဆင်းရဲသူများဖြစ်ကြသောကြောင့် မဟာဗျူဟာ မူဘောင်အစဉ်အဆက်မပျက် ကာလရှည်ကြာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်မှုဖြင့် အကြံပေးညှိနှိုင်းအစည်းအဝေးများကို ခုနစ်ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့်၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်၌ နေပြည်တော်ကောင်စီနယ်မြေ၌ နိုင်ငံတော်သမ္မတကြီးမှ ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအရ ကျေးလက်နေ ဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်နယ်တိုင်းဒေသကြီး ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ခရိုင် ၄၅ ခရိုင်၊ မြို့နယ် ပေါင်း ၁၂၅ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၀၁၉ ရွာအနက် ရွေ့ပြေးစီမံချက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မိသားစုဝင်ငွေတိုးပွားရေးနှင့် အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံကိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းဟု သတ်မှတ်ကာ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသည်ဟု မလှိုင်မြို့နယ်ကျေးလက်ဦးစီးမှူး ဦးလင်းထိုက်မြင့်က မိမိတို့၏ ဝန်ကြီးဌာနမှ စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းပြခဲ့သည်။

ကျော်ကျော်(မလှိုင်)

(၁၇) ကြိမ်မြောက် မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကျင်းပ

ဘားအံ၊ ဇွန် ၂

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲအခမ်းအနားကို ဘားအံမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမတွင် မေ ၃၁ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

(၁၇)ကြိမ်မြောက် မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲဝင်နေကြသော ကျောင်းသား၊ကျောင်းသူများအား တွေ့ရစဉ်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေအရာရှိချုပ်၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာအရှိကြီးများ၊ မူးယစ်တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၁)မှ ရဲအရာရှိကြီးများ ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအခမ်းအနားတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသား ၄၅ ဦး၊ ကျောင်းသူ ၃၇ ဦး စုစုပေါင်း ၈၂ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင် ရေးဆွဲခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ကျွန်းစုတိုက်နယ်ပြည်သူ့ဆေးရုံတည်ဆောက်မည်

ကျွန်းစု၊ ဇွန် ၂

ကျွန်းစုမြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

၎င်းဆေးရုံတည်ဆောက်ရန်လျာထားသော တာလပိုင်းကျေးရွာအား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုဝန်ကြီး ဦးတင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၃၀ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါကျေးရွာသည် ကျွန်းစုမြို့နှင့် ၂၂ မိုင်ခန့်ဝေးကွာပြီး သွားလာရေးခက်ခဲသော ဒေသဖြစ်သည်နှင့်အညီ ရေလမ်းခရီးဖြင့် သွားလာရသောနေရာများဖြစ်ပြီး ကျန်းမာရေးကိစ္စကို ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်စေရေးအတွက် ရည်ရွယ်ကာ နိုင်ငံတော်မှ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါမြေနေရာတွင် ပြည်သူ့ဆေးရုံဆောက်လုပ်ရာတွင် ပြည်သူ့အကျိုးအတွက် စေတနာထားဆောင်ရွက်သွားရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုဝန်ကြီး ဦးတင်စိုးက ပြောကြားခဲ့ကြောင်း သိရသည် ။

ကျွန်းစု(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်တွင် အမြင့် ၄၂ ပေရှိ GSM မိုဘိုင်းဖုန်းတာဝါတိုင်တပ်ဆင်

ဗန်းမောက်၊ ဇွန် ၂

ဆက်သွယ်ရေး အဆင်ပြေစေရန် နိုင်ငံတော်က တည်ဆောက်လျက်ရှိရာ GSM မိုဘိုင်းဖုန်းတာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၂၂ ရက်မှ တည်ဆောက်ခဲ့ရာ အမြင့် ၄၂ ပေရှိ တာဝါတိုင်ကို မေ ၃၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ မိုဘိုင်းဖုန်းတာဝါတိုင်ကို Asia Meger Link ကုမ္ပဏီက တာဝန်ယူပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မြန်မာ့ဆက်သွယ်ရေးစာတိုက်ရုံးဝင်းအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အလုံးစုံပြီးစီးပါက GSM ဖုန်းအားလာမည့်ဩဂုတ်လအတွင်း မြို့နယ်အသီးသီးသို့ ပြည်သူများ ဆက်သွယ်ပြောဆိုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဂီတအစည်းအရုံးဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပပြီးစီး

ရန်ကုန်၊ ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် ၂၈၃၃ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ်ဂီတအစည်းအရုံးဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီ အချိန်က ကျင်းပခဲ့ကြောင်း သိရသည်။

မင်းထက်ပိုင်

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သွေးသည်အသက်

သင့်လုပ်ငန်း တွင်ကျယ်အောင်
ကွန်ပျူတာသုံး စနစ်များ တပ်ဆင်လိုလျှင်

မြင်းခြံတွင် မိုးရွာသွန်းမှုနည်းပြီး အလွန်ပူပြင်း၍ မိုးခေါ်လွန်ဆွဲပွဲ ကျင်းပ

မြင်းခြံ၊ ဇွန် ၂

မြင်းခြံမြို့သည် မိုးရွာသွန်းမှုနည်းပါးပြီး အလွန်ပူပြင်းသောဒေသဖြစ်၍ မြို့နေလူထုများမှာ အပူဒဏ်ကို များစွာခံစားနေကြရသည်။

မြင်းခြံမြို့၏အပူချိန်မှာလည်း နေ့စဉ် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် ၄၅ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိသောကြောင့် အသက်ကြီးသူများနှင့် ကလေးသူငယ်များမှာ ပိုမို၍ အပူဒဏ်ကို ခံစားကြရသည်။

အပူဒဏ်မှ သက်သာစေပြီး မိုးရွာသွန်းစေရန် မြင်းခြံမြို့ရှိ ရပ်ကွက်များသည် နေ့စဉ်အလှည့်ကျ မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်လျက်ရှိသော်လည်း မိုးရွာသွန်းခြင်းမရှိသေးကြောင်း သိရသည်။

မိုးခေါ်လွန်ဆွဲပွဲများတွင် ပါဝင်သူများအား စေတနာရှင်များမှ အချိုရည်များတိုက်ကျွေးခြင်း၊ အပြိုင်အဆိုင်ဆွဲ၍ အနိုင်ရသူများကိုလည်း ဆုများချီးမြှင့်ခြင်းများလည်း ပြုလုပ်ပေးကြောင်း သိရှိရသည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

လုပ်ငန်းခွင်ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ထုတ်ပေး

ကရင်ပြည်နယ်၊ ဇွန် ၂

ကရင်ပြည်နယ်၊ မြိုင်ကလေးတန် ၉၀၀ ဘိလပ်မြေစက်ရုံတွင် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကွယ်လွန်သူ အာမခံအလုပ်သမား ဦးစောမြင့်ရွှေ၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၂၈၂၀၀၀၀ နှင့် နာရေးစရိတ် အကျိုးခံစားခွင့်ငွေကျပ် ၉၄၀၀၀ စုစုပေါင်းငွေကျပ် ၂၉၁၄၀၀၀ ကိုလူမှုဖူလုံရေးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက မြိုင်ကလေးတန် ၉၀၀ ဘိလပ်မြေစက်ရုံအရောက် လာရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ်ဧပြီတွင် စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပြီး အဆိုပါဥပဒေတွင် အာမခံစနစ် ခြောက်မျိုးအနက် သုံးမျိုးဖြစ်သည့် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊မိသားစုထောက်ပံ့မှုအာမခံစနစ်၊ လုပ်ငန်းခွင်တွင်းထိခိုက်မှုအာမခံစနစ်တို့ကို စတင်အကောင်အထည်ဖော် ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဧပြီ ၂၆ ရက်တွင် တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ အာမခံလုပ်သားဖြစ်သူ ဦးစောမြင့်ရွှေမှာ လုပ်ငန်းခွင်တွင် အလုပ်လုပ်နေစဉ် မတော်တဆထိခိုက်မှုကြောင့် သေဆုံးခဲ့ရပြီး လူမှုဖူလုံရေးဥပဒေသစ်အရ အလုပ်ခွင်ထိခိုက်မှုအာမခံစနစ် အကျိုးခံစားခွင့်ကြောင့် ထည့်ဝင်ကြေးထည့်ဝင်ထားသည့်ကာလပေါင်း ၆၀ အောက်ခံစားခွင့်ရှိမည့် လစဉ်ဝင်ငွေ၏ အဆ ၃၀ ကို ကျန်ရစ်သူ မိသားစုတို့အား အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တန် ၉၀၀ ဘိလပ်မြေစက်ရုံမှ စက်ရုံမှူးကြီး ဒုတိယမှူးကြီး(ငြိမ်း) ထင်အောင်နှင့် တာဝန်ရှိသူများ၊ လူမှုဖူလုံရေးရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်း၊ ဘားအံမြို့ လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ၊ တာဝန်ခံဆရာဝန်နှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ထွန်းထွန်းထွေး(ဘားအံ)

မော်လူးဘူတာရုံယာဒ်ဝန်းဧရိယာအတွင်း ကွန်ကရစ်ဇလီဖားလုံးများလဲလှယ်

မော်လူး ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာရုံရပ်ဝန်းဧရိယာအတွင်း သံလမ်းပိုင်းများကြံ့ ခိုင်မှုရှိရန် သစ်သားဇလီဖားတုံးများနေရာများတွင် ကွန်ကရစ်ဇလီဖားတုံးများကို အစားထိုးလဲလှယ်လျက်ရှိကြောင်းသိရသည်။

မော်လူး မီးရထားလမ်းပိုင်းဧရိယာများကြံ့ခိုင်မှုရှိရန်အတွက် မော်လူးမီးရထားလမ်းပိုင်း တာဝန်ခံလမ်း ဗိုလ်လေးဦးထင်လှအောင်နှင့် လုပ်သားအင်အား ၁၅ ယောက်က သစ်သားဇလီဖားတုံး အဟောင်းနေရာများတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်ခဲ့ကြသည်။

“အရင်က ကျွန်တော်တို့ သံလမ်းပြင် အလုပ်သမားအဖွဲ့ကို လက်ထောက်အင်ဂျင်နီယာလက်အောက်ခံ တိုင်းရုံး (၂)ရထောင်တွင် လုပ်ကိုင်စဉ်က ကွန်ကရစ်ဇလီဖားတုံးတစ်တုံး ကျပ် ၆၀၀ ရတယ်။ အခု ကျပ် ၃၀၀ ပဲပေးတယ်ဆိုတော့ စားစရိတ်နဲ့တွက်ခြေမကိုက်ဘူး။ ကျွန်တော်တို့အလုပ်က နေပူမရှောင်မိုးရွာမရှောင်လုပ်ကိုင်ရတာအရမ်းကို ပင်ပန်းလှပါတယ်။ ဒီနယ်မြေမှာ အခုလိုပင်ပင်ပန်းပန်း လုပ်နိုင်တဲ့အလုပ်သမားက ရှားတော့ကျွန်တော်တို့ တစ်ရပ်တစ်ကျေးက အခုလို လာရောက်လုပ်ကိုင်ရတာပါ”ဟု အလုပ်သမားများထံမှ ကြားသိရသည်။ **(ဝ၅၈)**

အရှိန်မထိန်းနိုင်၍ရပ်ထားသောယာဉ်အားတိုက်မိ

နေပြည်တော်၊ ဇွန် ၂

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၂၇၄/၄-၅) ကြား၌ မေလ ၂၆ ရက် နံနက် ၆ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ မန္တလေးဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ သက်ပိုင်ဦး ၃၀ နှစ် မောင်းနှင်လာသော စူဇူကီးအဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျွန်းချောင်း ကျေးရွာနေ တင်မောင်အေး ၄၃ နှစ်မောင်းနှင်သည့် ဆန်နီပစ်ကပ်အဖြူရောင်ယာဉ်၏ ဝဲဘက်နောက်ခြမ်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ဆန်နီပစ်ကပ်အဖြူရောင်ယာဉ်ပေါ်ပါ မှော်ဘီမြို့နယ်၊ ကျွန်းချောင်းကျေးရွာနေသူများဖြစ်သည့် မောင်ဇေယျာအောင် ၈ နှစ်နှင့် ဒေါ်နွဲ့ ၃၇ နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ သက်ပိုင်ဦးအား ပေပင်လေးအမြန်လမ်းရဲစခန်း ယာဉ်(ပ)၁၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

မိုးကြိုးထိမှန်၍တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

နေပြည်တော်၊ ဇွန် ၂

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက ရှမ်းကိုင်းကျေးရွာနေ မင်းဇော် ၃၅ နှစ်နှင့် ဇော်ကို ၁၇ နှစ်တို့သည် ကွင်းအမှတ် ၇၇၄(ခ) အတွင်း လယ်ထွန်စက်ဖြင့်ထွန်ယက်နေစဉ် မိုးထစ်ချုန်းပြီးမိုးကြိုးပစ်ရာ မိုးကြိုးထိမှန်၍ မင်းဇော်တွင် ဦးခေါင်းတစ်ခြမ်းညိုမည်း၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဇော်ကို၌ ရင်ဘတ်အောင့်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ညောင်ခါးရှည်နယ်မြေရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၁/၂၀၁၄) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
June 7
4 SKILLS Level(1,2,3) Dip ESL (USA)
ENGLISH 4 SKILLS DISTANCE LEARNING
CD, DVD LEVEL 1,2,3 Dip ESL(USA)
SPEAKING ၄၊လ
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
0943125393
01 398118, 295798

ရွှေဘုန်းပြည့် Travels & Tours Co.,Ltd.

[illegible]	1400USD
[illegible]	1250USD
[illegible]	750 USD
[illegible]	750 USD
[illegible]	650 USD
[illegible]	850 USD

Ph: 09 30043101, 30043202, 73060048, 2011313

မြေကွက်ဝယ်လိုသည်
09 31589922
09 31268183

ကုမ္ပဏီများမှ ပြန်လည် ရောင်းချသော အောင်ဘာလေထီလက်မှတ်များ ဝယ်ယူ ကံစမ်းရာတွင် စုတ်ပြဲထီလက်မှတ်များပါရှိနေ

ရန်ကုန်၊ ဇွန် ၂

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲတွင် လစဉ် အောင်ဘာလေထီလက်မှတ်များရောင်းချပေးလျက်ရှိရာ ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် လစဉ်ဖွင့်လှစ်ပေးနေပြီးထိုကဲ့သို့ ရောင်းချပေးနေသောထီလက်မှတ်များအား ထီကုမ္ပဏီများမှဝယ်ယူ၍ နှစ် စောင်သုံးစောင်တွဲမှမင်္ဂလာစုံတွဲထိ ပြုလုပ်၍ပြန်လည်ရောင်းချကြသော ထီလက်မှတ်များအားဝယ် ယူကံစမ်းကြရာအချို့ထီလက်မှတ်များထဲတွင် စုတ်ပြဲထီလက်မှတ်များ ပါရှိနေတတ်ကြောင်း သိရသည် ။

"ထီထိုးရင် ဂဏန်းပဲရွေးကြတာလေ။ ဘယ်သူမှလက်မှတ်ကို တစ်စောင်ချင်းထုတ်ပြီး မစစ်ဆေးကြဘူးလေ။ ကျွန်တော်က ထီကားမှာ မင်္ဂလာစုံတွဲထိုးခဲ့တာ လကုန်လို့ ထီတိုက်မယ်လုပ်တော့မှ လက်မှတ်ရဲ့အလယ်တည့်တည့်မှာ သုံးပုံနှစ်ပုံလောက်ပြတ်နေတာတွေ့ရတယ်။ တကယ်လို့သာ ထီပေါက်နေရင် စည်းမျဉ်းစည်းကမ်းအရ ဆုငွေထုတ်လို့ ရမှာမဟုတ်ဘူးလေ" ဟု လစဉ်ထီကံစမ်းနေသူတစ်ဦးက ပြောသည် ။

ဆုရလက်မှတ်တင်ပြတောင်းခံရာတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်ဘဏ်များမှတစ်ဆင့်သော်လည်းကောင်း ထုတ်ယူနိုင်ကြောင်း သိရသည်။

ကျပ်ဆယ်သိန်းအောက် ဆုမဲများကို ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ ထုတ်ယူရာတွင် အက္ခရာနှင့်ဂဏန်းတို့ တစ်ဆက်တစ်စပ်တည်းမရှိ၊ ပိုင်းပြတ်စုတ်ပြဲနေခြင်း၊ အက္ခရာနှင့် ဂဏန်းများတွင် ပြင်ရာဖျက်ရာ သို့မဟုတ် မူလအနေအထားချွတ်ယွင်းပျက်စီးမှုတွေ့ရှိလျှင် ဆုငွေထုတ်ပေးခြင်းအား ငြင်းပယ်ခံရနိုင်ကြောင်း သိရသည်။

"ထီလက်မှတ်တွေ အလယ်က သုံးပုံနှစ်ပုံပြတ်နေရတာက ထီတွေကို အထုပ်လိုက်ကြိုးစီးရာမှာ အလွန်တင်းတင်းဆွဲစီးထားတော့ တစ်နေရာကတစ်နေရာသယ်ပို့ရာမှာ ထက်ပိုင်းနီးပါး ပြတ်နေတာပါ။ အဖြစ်များဆုံးက 'က' နဲ့ 'သ' အက္ခရာတွေပါ။ အဲဒီဟာတွေက ထီစီးတစ်စီးရဲ့ အပြင်ဘက်မှာရှိတတ်တဲ့ အက္ခရာတွေမို့ပါ။ အပိုင်းပြတ်လက်မှတ်က ထီတွဲရာမှာ ပါသွားတာဖြစ်မယ်" ဟု နှစ်စောင်တွဲမှ မင်္ဂလာစုံတွဲထိ စီစဉ်လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အမှတ် ၃၈၄ မဟာဗန္ဓုလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ လစဉ် ၁ ရက်နေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ တစ်သိန်းဆုမှ သိန်း ၁၅၀၀ ဆုထိ ဆုမဲပေါင်း ၂၃၄၆၃ ဆုအား တစ်ရက်တည်းအပြီး ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဇေယျ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်၊ ဇွန် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်လူးကျေးရွာရှိ အဆိုပါလုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ စစ်ရေးပြကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါတပ်ဖွင့်ပွဲအခမ်းအနားသို့ ရဲချုပ်နှင့်အတူ ဒုတိယရဲချုပ် ရဲမှူးချုပ် သိန်းဦး၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းခေါင်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်လျင် ဆီမီးရောင်ဖောင်ဒေးရှင်းသင်တန်းဆင်း

သန်လျင်၊ ဇွန် ၂

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ဖွဲ့စည်းထားသည့် ဆီမီးရောင်ဖောင်ဒေးရှင်း(ပညာဒါန) နိုင်ငံခြားဘာသာစကား သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၈ နာရီက သင်တန်းတည်ရှိရာ ဇေယျာမင်္ဂလာကျောင်း၌ ကျင်းပခဲ့သည်။

ထို့နောက် တတ်ရောက်ကြသော သင်တန်းသူ၊သင်တန်းသားများအား ဆုများနှင့်အတူ ကျောင်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ ဆီမီးရောင်ဖောင်ဒေးရှင်း(ပညာဒါန) တွင် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား ဘာသာစကားများအပြင် ရုပ်ရှင်ဇာတ်ညွှန်းပညာများကိုလည်း ရုပ်ရှင်ဇာတ်ညွှန်းပညာရှင် ဆရာကြီးဦးချစ်ဆန်းမြင့်ကိုယ်တိုင် သင်တန်းပို့ချလျက်ရှိကြောင်း သိရပြီး ဆက်သွယ်လိုပါက အတွင်းရေးမှူး ဖုန်း ၀၉-၇၃၁၈၈၉၃၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်တွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် အမေရိကန်ပညာရှင်က သုံးရက်ကြာ အသိပညာပေးဆွေးနွေးမည်

ရန်ကုန်၊ ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရှိ ငါးမွေးမြူရေးလုပ်ကိုင်နေကြသော လုပ်ငန်းရှင်များအား ငါးမွေးကန်ရေ အရည်အသွေးစစ်ဆေးခြင်း၊ ငါးမျိုးသယံဇာတ ထိန်းသိမ်းခြင်းနှင့်ပတ်သက်ပြီး လေ့လာမှတ်သားနိုင်ရန် ရည်ရွယ်၍ သုံးရက်ကြာ အသိပညာပေးပွဲတစ်ခုအား ဇွန် ၂ ရက်က စတင်သင်ကြားကြောင်း ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုနဲ့ ညောင်တုန်းမြို့၊ သဇင်ရေကျော်ကျေးရွာအုပ်စုက Green Way ငါးကန်မှာ သုံးရက်ကြာပြုလုပ်မှာ ဖြစ်ပါတယ်။ ငါးမွေးကန်အရည်အသွေးစစ်ဆေးတဲ့ နည်းပညာနဲ့ မျိုးငါးသယံဇာတ ထိန်းသိမ်းတဲ့နည်းပညာတွေကို အမေရိကန်လူမျိုး ပညာရှင်က လာရောက်ဆွေးနွေးပေးမှာဖြစ်ပါတယ်။ ကျွန်တော့်ဆီကလည်း ငါးမွေးမြူရေးလုပ်ကိုင်တဲ့ လုပ်ငန်းရှင် ၅၀ ကျော်လည်း ဒီပွဲကို တက်ရောက်မှာပါ" ဟု ညောင်တုန်းမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

ဇွန် ၂ ရက်တွင် ညောင်တုန်းမြို့နယ်အတွင်းရှိ ငါးမွေးကန်များအား ရေအရည်အသွေးစစ်ဆေးခြင်းနှင့် မျိုးငါးသယံဇာတ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာမည်ဖြစ်ကာ ဇွန် ၃ ရက်နှင့် ဇွန် ၄ ရက်တွင် အမေရိကန်လူမျိုး ပညာရှင်မှ မြန်မာနိုင်ငံရှိ ငါးမွေးမြူရေးလုပ်ငန်းနှင့် သားငါးထုတ်လုပ်မှုသည် အမေရိကန်နိုင်ငံနှင့် နှိုင်းယှဉ်ကွာခြားချက်များကို Projecter ဖြင့် ရှင်းပြသွားမည်ဟု သိရသည်။

"အခုကျွန်တော်တို့လည်း ခေတ်မီနည်းပညာတွေနဲ့ ငါးမွေးဖို့ ဆောင်ရွက်နေကြပါပြီ။ ငါးမွေးတာကို ဟိုတုန်းထဲက လုပ်သက်အတွေ့အကြုံနဲ့မွေးလာတာ ဒီကနေ့ထိပါပဲ။ ကန်ထဲကရေအရည်အသွေးမကောင်းရင် ရေတွေပျက်လာမယ်။ အနံ့ဆိုးတွေထွက်လာမယ်။ ငါးတွေလည်း သေလာမှာဖြစ်တာကြောင့် အခုလိုအသိပညာပေးပွဲလုပ်တာ အရမ်းကိုအကျိုးရှိပါတယ်" ဟု ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်တွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များ အသိပညာတိုးပွားစေရန် ငါးမွေးကန်အရည်အသွေးထိန်းသိမ်းခြင်းနှင့်ပက်သက်၍ အသိပညာပေးပွဲတစ်ကြိမ်နှင့် သားငါးထုတ်လုပ်မှုနှင့်ပက်သက်၍ အသိပညာပေးပွဲလေးကြိမ် ခန့်ပြုလုပ်ထားပြီးဖြစ်သည်။

စိုးအောင်ဖေ

ဆောင်းပါး

"ဆရာဟူသည်"

à atmifusmf(qifcqf)

"အဖေ့မျက်နှာသစ်တာမှားနေတယ်"။ စောစောထ၊ မျက်နှာသစ်နေစဉ် မျှော်လင့်မထားသော စကားသံကို သားငယ်ထံမှ ကြားလာရသည်။ "သွားတိုက်ပြီးမှ မျက်နှာသစ်တာမဟုတ်ဘူးအဖေ။ မျက်နှာသစ်ပြီးမှ သွားတိုက်ရတာ။ ဒါမျက်မှန်လွတ်တဲ့နည်းတဲ့။ အဖေပေးဖတ်တဲ့စာအုပ်မှာရေးထားတာ" စာဖတ်ဝါသနာပါသော သားငယ်ကို ကောင်းနိုးရာရာစာအုပ်များ ပေးဖတ်စေခဲ့သည့်အကျိုး။ ယခုခံစားလာရပြီ။ မိမိအတွက် မျက်မှန်လွတ်နည်းကို ပြောလာနေပြီ။ နှစ်ခြိုက်စွာပြုံးပြရင်း သားငယ်၏ စေတနာကို အသိအမှတ်ပြုလိုက်ပါသည်။

မိမိ၏ ပုံမှန်လုပ်နေကျမျက်နှာသစ်နည်းမှာ ဦးစွာပထမ ခြေနှစ်ချောင်းကို ဆေးကြောပြီးလျှင် ဒူးခေါင်းအထက်မှ ရေလောင်းချ။ ရေခွက်အပြည့်ရေတွင် မျက်လုံးတစ်ဖက်စီကိုနှိုက်လျက် ဖွင့်ချည်ပိတ်ချည် ကိုးကြိမ်စီပြုလုပ်ပြီးလျှင် နှာခေါင်းအတွင်းသို့ ရေရှူထုတ်၊ ရှူသွင်း သုံးကြိမ်ပြုလုပ်ပြီးမှ သွားတိုက်၊ မျက်နှာသစ် ပုံမှန်လုပ် ဝတ်မပျက်။ ယနေ့မှာမှ သားငယ်က မျက်နှာသစ်ပြီးမှ သွားတိုက်ရကြောင်း စာအုပ်အကိုးအကားနှင့် ရှင်းပြလာခြင်း။

"လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဆိုစကားအတိုင်း မိဘနှစ်ပါးကျေးဇူးကြောင့် စောစောထ၊ မျက်နှာသစ်သည့် အလေ့အကျင့်ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ရလာခဲ့သည်။ မိဘနှစ်ပါးသည် တောသူတောင်သားများပီပီ စောစောနိုးထ လုပ်ငန်းခွင်ဝင်ဖို့ပြင်ကြဆင်ကြ နိစ္စဓူဝ ဝတ်မပျက်။ အိမ်ဦးခန်းမှ အဖေ့ဘုရားရှိခိုးသံ၊ အမေ့မီးဖိုချောင်မှ အိုးသံခွက်သံများသည် မိမိတို့ မိသားစု၏ နံနက်ချိန်ခါ မင်္ဂလာသံစဉ်များ ဖြစ်ကြသည်။

"ငှက်ကျော်ကျီးကျော်မအိပ်ကောင်းဘူး၊ အသက်တိုတတ်တယ်။ ငှက်မနိုး၊ ကျီးမနိုးခင်ထရတယ်။" စောစောနိုးထဖို့ နှိုးနေကျ သိမ်မွေ့နူးညံ့အမေ့လက်သုံးစကား။ ဘုန်းကြီးကျောင်းထွက် အဖေက 'အိုးဖုတ်သမားထုံး' နှလုံးမူကာ ကြိမ်ကိုင်လမ်းပြနိုးထစေခဲ့ချိန် အမေကားထိုသို့ မဟုတ်။ 'စမ်းရေစီး၏ ရေစီးအားနှင့် ကျောက်တုံးကျောက်ခဲများကို တေးဆိုရင်း အပြီးတိုင်ချောမွေ့စေခဲ့သူ' နှလုံးရည်သမား။

ဘဝခရီးမှာ မျက်နှာသစ်နည်းမသင်ပေးခဲ့သော ငယ်ဆရာတစ်ဦးလည်းရှိခဲ့ဖူးသည်။ ရခိုင်မြန်မာ ပဏ္ဍိုပ်၊ ဦးဦးသာထွန်း။ သောက်စားမှုးယစ်၊ ယစ်ထုတ်ဘဝနှင့် လမ်းကြောင်းမှားနေချိန်၊ ကရုဏာတရားနှင့် မျက်နှာသစ်နည်းပေးလာခြင်း လုံချည်၊ အင်္ကျီများကို မလျှော်မဖွပ် ကြာကြာဝတ်ထားလျှင် လူတောသူတောတိုးမရအောင် နံစော်လာမည်။ မကြာမကြာလျှော်ရဖွတ်ရ လုပ်ပေးရသည်။ မင်းစိတ်ခန္ဓာကို ဘယ်နှစ်ခါလျှော်ဖွပ်ပြီးပြီလဲ။ ဒီအတိုင်းဆက်သွားလျှင် မင်းရူးသွားလိမ့်မည်"လူပြိန်းနားလည်လွယ်သော ဥပမာစကားနှင့် ဆုံးမစကားပြောလာခြင်း။ ရုပ်ခန္ဓာကို သန့်စင်မျက်နှာသစ်ပေးရသလို နာမ်ခန္ဓာအိမ်ကိုလည်း နေ့စဉ်နှင့်အမျှ မျက်နှာသစ်သန့်စင်ပေးရကြောင်း၊ ဦးစွာဂုဏ်တော်တစ်ပါးပါးကို ပွားများ ပုတီးစိပ်ခြင်း၊ အရှိန်ရလာမှ ထွက်လေဝင်လေ အားနာပါနနည်းနှင့် နာမ်ခန္ဓာအိမ်ကို သန့်စင်ပေးရကြောင်း၊ ရှင်းပြသည်။ အရက်သမား မိမိအား အရက်မသောက်ဖို့ တစ်ခွန်းတစ်ပါဒမျှမပြော။ အဓိကကျသည့် မျက်နှာသစ်သန့်စင်နည်းကို ပြောသွားသည်။ ဤသို့ဖြင့် ဆရာ့နည်းနာအတိုင်း လိုက်နာကျင့်ကြံ အရက်သမားဘဝမှလည်း ကွင်းလုံးကျွတ်ခဲ့သည်။

"စောစောထပါ၊ စိတ်အာရုံကို တစ်ခုတည်းမှာထားပြီး ၁၀ မိနစ်ခန့် ငြိမ်သက်စွာထိုင်ပါ။ သင်တစ်နေ့တာလုံး စိတ်ချမ်းသာလိမ့်မည်" ဟု မိန့်ဆိုခဲ့သည့် အိန္ဒိယယောဂီကြီး မဟာရီရှီ၏ အဆိုအမိန့်သည်လည်း ဘဝလမ်းညွှန်ဖြစ်ခဲ့ပါသည်။ မိမိဘဝ၏ ပဲ့ကိုင်ဆရာသခင်များ။

"ဘဝသည် ကျောင်းနှင့်တူပြီး ဝန်းကျင်လောကသည် ဆရာနှင့်တူသည်" အဆိုအမိန့်အတိုင်း ရယူတတ်ဖို့သာလိုသည်။ နေရာတိုင်းမှာ ဆရာရှိနေသည်။ "ဆရာမပြငါးပိဖုတ်လည်း နည်းမကျ"။ အရာရာမှာ ဆရာဟူသည်လိုအပ်စမြဲ။ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာဟူ၍ ရှိကြရာတွင် တချို့ပညာပြတတ်ကြသည်။ တချို့ပညာမျှဝေပေးတတ်ကြသည်။ ပညာပြသူဆရာထံမှ ဘဝတစ်သက်တာရှောင်ရှားစရာ ခါးသည့်ပညာရရှိသလို ပညာမျှဝေပေးသူထံမှ ဘဝတစ်သက်တာဆောင်ထားစရာ ပွားမည့်ပညာ ရရှိကြသည်သာ။ အားလုံးဆောင်ရန် ရှောင်ရန်လမ်းပြပေးသည့် ဘဝ၏လမ်းပြကြယ်များဖြစ်ကြသည်။

မိမိဘဝမှာလည်း အသက်ကြီးမှ ဆရာတစ်ဦး ထပ်တိုးလာခဲ့သည် မျက်နှာသစ်နည်းသင်ပေးသော မိမိသားငယ်ကိုယ်တိုင်ဖြစ်နေသည်။ သားငယ်၏ စေတနာကို စောဒကမတက်ခဲ့ပါ။ ရှင်းသာရိပုတ္တရာ ထုံးနှလုံးမူပြီး လိုက်နာကျင့်သုံးခဲ့ပါသည်။ ကြီးသည်၊ ငယ်သည်မဟူ အကျိုးလိုသူ ဆရာဟူ၏။ မိမိတို့ လက်ခံနိုင်ကြရမည်သာ။ ။

မြင်းမူမြို့နယ်အတွင်းဈေးကွက်ဝင်စိန်တလုံးသရက်သီးများအထွက်နှုန်းကောင်းပြီး ဈေးကောင်းရလျက်ရှိ

မုံရွာ၊ ဇွန် ၂

ကျေးလက်ဒေသနေ ပြည်သူများသည် အများအားဖြင့် လယ်ယာလုပ်ငန်း၊ ခြံလုပ်ငန်းများဖြင့်အသက် မွေးဝမ်းကျောင်းပြုလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒီပဲယင်းကွဲကျေးရွာသည် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသကဲ့သို့ အဓိကခြံသီးနှံများအဖြစ် နိုင်ငံခြားဈေးကွက်ဝင် စိန်တလုံးသရက်ပင်များကို အဓိကစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် အထွက်နှုန်း ထက်ဝက်ခန့်မြင့်တက်သည့်အပြင် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

စိန်တလုံးသရက်သီး ဈေးကွက်အခြေအနေနှင့်ပတ်သက်ပြီး "ကျွန်တော်တို့ဒေသမှာ သရက်သီးကို ကြိုပွဲ့စနစ်(အသီးမပေါ်ခင်စာချုပ်)ဖြင့်ဝယ်တယ်၊ အရင်တုံးက အဓိကဈေးကွက်ကတော့ တရုတ်ပါ။ အခုထိုင်းနဲ့ စင်္ကာပူနိုင်ငံတွေအထိ ပို့ကြတယ်၊ ဒီနှစ်မှာ စစ်ကိုင်းမြို့နယ် အရှေ့ခြမ်း၊ ရွာသစ်ကြီးကျေးရွာနဲ့မန္တလေး မြို့နယ်တွေမှာ လေပြင်းတိုက်တော့ သရက်သီးတွေကြွေကုန်တယ်။ ကျွန်တော်တို့ဒီပဲယင်းကွဲကျေးရွာမှာ လေပြင်းမတိုက်တော့ ပျက်စီးမှုမရှိဘူး" ဟု ဒီပဲယင်းကျေးရွာမှ သရက်သီးပင်စိုက်ခြံတောင်သူ ဦးကျော်မြင့်က ပြောသည်။

အဆိုပါ သရက်သီးများ၏ဈေးနှုန်းများမှာ အသီးတစ်လုံး ၄၀၀ ဂရမ်ရှိသည့် အသီးတစ်တန်ကို ငွေကျပ် ၁၂ သိန်း၊ အသီးတစ်လုံး ၃၅၀ မှ ၄၀၀ ဂရမ်ရှိသည့် အသီးတစ်တန်ကို ငွေကျပ် ၁၀သိန်း၊ အသီးတစ်လုံး ၃၀၀ မှ ၃၅၀ ဂရမ်ရှိ အသီးတစ်တန်ကို ငွေကျပ်ရှစ်သိန်း၊ အသီးတစ်လုံးကို ၂၅၀ မှ ၃၀၀ နှင့် ၂၂၀ မှ ၂၅၀ ဂရမ်ရှိ အသီးတစ်တန်ကို ငွေကျပ်ခုနစ်သိန်း နှုန်းဈေးရကြောင်း သိရသည်။

"လှတဲ့အသီးတွေကို နိုင်ငံခြားပို့ကုန်အဖြစ် သုံးတယ်။ ကျန်တဲ့အသီးတွေကိုတော့ ပြည်တွင်းဈေးကွက်ကို ပို့ကြတယ်" ဟု တောင်သူ ဦးကျော်မြင့်က ဆက်လက်ပြောသည်။

"ရန်ကုန်မှာကျင်းပခဲ့တဲ့ သစ်သီးဝလံပြပွဲမှာ သွားပြီး လေ့လာတဲ့အခါမှာ သရက်သီးနဲ့ပတ်သက်ပြီး နည်းပညာတွေ၊ ဈေးကွက်တွေ ရခဲ့တယ်။ ကျွန်တော်တို့ သရက်သီးစိုက်ခြံတောင်သူတွေအတွက် အများကြီးအကျိုးရှိတယ်၊ ကျွန်တော်တို့ဒီဒေသတစ်ဝိုက်မှာ ဒီပဲယင်းကွဲ၊ ရွာသစ်၊ ရွာထောင်၊ ဂုံညှင်းအုပ်၊ မေဂျာ၊ ပုံညာမထိရ၊ ညောင်ပင်ကန်၊ ညောင်ပင်သာ၊ ကင်းရွာ၊ပေါက်ကားစတဲ့ ကျေးရွာတွေမှာ အများကြီးပဲစိုက်ကြတယ်။ ကျွန်တော်တောင်မှ ဧက ၃၀၀၀ လောက်စိုက်တယ်။ မနှစ်က သရက်သီးတန် ၃၀၀၀ လောက်ထွက်တယ်။ ဒီနှစ်တန် ၄၀၀၀ လောက်ထွက်တယ်။ စိန်တလုံးသရက်သီးတွေက မေလအစပိုင်းမှာ စရောင်းရတယ်။ မေလကုန်ဆို အသီးကုန်ပြီ။ ကျွန်တော် စိန်တလုံးသရက်ပင်တွေက သက်တမ်း ၁၇နှစ်ရှိပြီ၊ တခြားသူတွေလည်း ဈေးကွက်အခြေအနေသိလာတော့ ထပ်ပြီးစိုက်ကြတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

သစ်သီးပွဲရုံတစ်ခုတွင် နိုင်ငံခြားဈေးကွက်ဝင် စိန်တစ်လုံးသရက်သီးများအား ဈေးကွက်တွင်း ရောင်းချရန် ပြင်ဆင်နေစဉ်။

စိန်တလုံးသရက်ပင်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှ၊ စစ်ကိုင်း၊ မုံရွာ၊ ကနီ၊ မြင်းမူ၊ ရွှေဘို၊ ဝက်လက်စတဲ့မြို့တွေမှာ စီးပွားဖြစ်စိုက်ကြောင်းနှင့် မုံရွာမြို့သရက်သီးဈေးကွက်တွင် အသီး ၁၅၀ ပါသေတ္တာတစ်လုံးကို ငွေကျပ် ၂၅၀၀၀ နဲ့ အသီးအသေး ၁၈၀ ခန့်ပါသေတ္တာတစ်လုံးကို ငွေကျပ် ၁၅၀၀၀ ဈေးနှုန်း ပေါက်လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(ပြန်/ဆက်)**

ကားဒီးလုံးငှားမည်
CRANE
518474, 095094914

အမည်ပြောင်းခြင်း
LIN CHEN HUI (a) LIN CHUNG CHANG ... LIN SUN MIAO ... LIN SHU CHING

"ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် အဆောက်အအုံမြေကွက်ရောင်းမည်"
Hotel
မြေကွက်အကျယ် - (၁၈၀၄၅) ၊ စတုရန်းပေ - (၈,၄၃၂၈၀)
Food & Drink
ဆက်သွယ်ရန်ဖုန်း - ၀၉၅၅၅၃၇၀၀

Air Con
ဆက်သွယ်ရန်ဖုန်း - ၀၁-၉၀၁၀၄၃၃၊ ၀၉၇၃၂၅၅၄၂၊ ၀၉၇၃၂၀၁၂၀၈

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ENERGY

Dated:1st June,2014

INVITATION FOR EXPRESSION OF INTEREST TO CONDUCT JOINT VENTURE PROJECTS IN MYANMAR ONSHORE DRILLING OPERATIONS

1. Myanma Oil and Gas Enterprise (MOGE), under Ministry of Energy,is interested to establish Joint Venture Project(s) for Drilling Service using its own four Drilling Rigs with well experienced international drilling companies for mutual interest to participate in future onshore drilling activities in Myanmar. MOGE hereby invites all interested drilling companies to submit the letter of expression of interest for joint venture project(s) using the following four drilling rigs in single or multiple basis:-
   - **(1) Continental Emsco (2000 HP Deep Rig)**
   - **(2) USS Oilwell (2000 HP Deep Rig)**
   - **(3) D-3 Type-2 Sr.II(1000 HP Medium Rig) and**
   - **(4) National 55 Sr-I(700HP Medium Rig)**
